# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည် သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 13 May 2025 ၁၁၈၀၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လျှော်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်းအစီအစဉ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

## ကုမ္ပဏီ ၆၀ ခုမှ ပြခန်းပေါင်း ၇၄ ခုဖြင့် ပြသရောင်းချပေးသွားမည်




နေပြည်တော် မေ ၁၂

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အများပြည်သူများ ဈေးနှုန်းမှန်ကန်စွာဖြင့် အရည်အသွေးပြည့်မီစွာ ဝယ်ယူနိုင်ရန်ရည်ရွယ်၍ ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်း အစီအစဉ်ကို မေ ၁၂ ရက်မှ ၁၈ ရက်အထိ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပလျက်ရှိသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ○


ငလျင်ဘေးသင့် ပြည်သူများအတွက် သံ၊ သံမဏိ၊ဘိလပ်မြေနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ရောင်းချပေးခြင်းအစီအစဉ်သို့ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူကြသူများကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ


ငလျင်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများအတွက် Bangladesh Pharmaceutical Society in Myanmar မှ ဆေးဝါးများလှူဒါန်း စာမျက်နှာ » ၅

၂၀၂၅ အင်္ဂလန် ဒေသန္တရနှင့် ကြားဖြတ်ရွေးကောက်ပွဲ သုံးသပ်ချက် ဆောင်းပါး စာမျက်နှာ » ၆

(၁၅)ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းထုတ်ပြန် စာမျက်နှာ » ၁၇


## နမ့်ပွန်းကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရှမ်းပြည်နယ် တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၃၂၅ ဧကရှိသောနယ်မြေကို "နမ့်ပွန်းကြိုးပြင်ကာကွယ်တော" အဖြစ်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻




နမ့်ပွန်းကြိုးပြင်ကာကွယ်တော သဘာဝရှုခင်းကို တွေ့ရစဉ်။

ကြေးမုံ

# အနောက်တောင်မုတ်သုံလေနှင့် မိုးလေပြင်းထန်မှုကို သတိပြု

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မြန်မာနိုင်ငံအတွင်းရှိ အချို့ဒေသများတွင် အပူချိန်ပြင်းထန်မှုဒဏ်ကို အများပြည်သူတို့အနေဖြင့် ဆိုးရွားစွာခံစားခဲ့ကြရသည်။ "တန်ခူးကဆုန် ဆွေ့ဆွေ့ခုန်"ဆိုသကဲ့သို့ ပူပြင်းလှသည့် နွေကာလ၏အပူရှိန်ကို ယခင်နှစ်များနှင့်မတူ တစ်မူထူးကဲစွာ ပြည်သူများခံစားခဲ့ရသည်။ အပူရှိန်ပြင်းထန်လာမှုကြောင့် အပူပြန်တိမ်တိုက်နှင့် အခိုးအငွေ့များ မြင့်မားလာမှုနှင့်အတူ လေထုမငြိမ်သက်မှုနှင့်အခိုးအငွေ့များကြောင့် မိုးကြိုးလေထန်ဖြစ်နိုင်မှုအခြေအနေများလည်း ပေါ်ပေါက်လာသည်။

လက်ရှိအခြေအနေတွင် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၂ မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်၊ ကယား၊ ရခိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ၈၂ မှ ၉၁ ဒီဂရီဖာရင်ဟိုက်အတွင်းရှိသည်။ ကျန်နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၂ မှ ၁၀၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒမှ ခန့်မှန်းထားရာ မြန်မာပြည်အလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများအားလုံး၌ အပူချိန်မြင့်မားမှုကို ခံစားကြရသည်။

မေလ ၁၁ ရက်နေ့ ညနေပိုင်းတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းအားကောင်းမှုကြောင့်လည်းကောင်း၊ မေလ ၁၁ ရက်နေ့ ညနေမှ မေလ ၁၉ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင်ဒေသအလိုက်နှင့်နေရာကွက်၍မိုးကြီးနိုင်သည်ဟုခန့်မှန်းထားသည်။

မိုးလေဝသမှ ခန့်မှန်းထားသည့်အတိုင်း အစဦးရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နေရာအနှံ့အပြား မိုးရွာသွန်းခြင်းမရှိသေးသော်လည်း မန္တလေးလျှောင်လှုပ်ခတ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးတွင် မိုးသက်လေပြင်းများ ကျရောက်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ လာမည့်ရက်များတွင်မူ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိုးသက်လေပြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းနိုင်သည့်အခြေအနေများရှိနေသည်ကို တွေ့မြင်နေရသည်။

ရာသီဥတုပြောင်းလဲမှုအခြေအနေအရ အနောက်တောင်မုတ်သုံလေသည် မေလ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း၊ မေလ ၁၉ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်ကြောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ထိုရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ ယင်းကာလတွင် အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းလာနိုင်ကြောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ကြောင်း မိုးလေဝသမှ ထုတ်ပြန်ချက်များကို သတိပြုကြရမည်ဖြစ်သည်။

ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် လက်ရှိကာလတွင် မြန်မာနိုင်ငံတစ်ဝန်း၌ အပူချိန်ပြင်းထန်မှုဒဏ်ကို ခံစားကြရပြီးနောက် မကြာမီကာလများတွင် မိုးရွာသွန်းနိုင်မှုနှင့် အနောက်တောင်မုတ်သုံလေအခြေအနေများကြောင့် အပူဒဏ်လျော့ပါးသက်သာမှုများကို ခံစားကြရမည်ဖြစ်သော်လည်း မိုးသည်းထန်မှုနှင့် လေပြင်းတိုက်ခတ်မှုများကို သတိပြုကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မူလက ပုံမှန်ရာသီဥတုများနှင့် သမမျှတသည့် ရာသီဥတုအခြေအနေရှိသော်လည်း ရာသီဥတုပြောင်းလဲမှုကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများနှင့်အတူ ကြုံတွေ့လာရသောကြောင့် အစွန်းရောက်ရာသီဥတုနှင့် အပြောင်းအလဲမြန်သည့် ရာသီဥတုအခြေအနေများကို ကြုံတွေ့လာရသည်။

သို့ဖြစ်ရာ လက်ရှိရာသီဥတုဖြစ်စဉ်အရ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် ရေကြီး၊ ရေလျှံမှုအန္တရာယ်များကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းနှင့် လေကြောင်းသွားလာရေးတွင်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု (၄) မှုကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၄) မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၁၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး၊ ရုံးခန်းအမှတ် (၁) ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၈၀/၂၀၂၄ (ရန်ကုန်)၊ ၁/၂၀၂၅ (မကွေး)၊ ၂/၂၀၂၅ (ရန်ကုန်) နှင့် ၃/၂၀၂၅ (မွန်) စုစုပေါင်း တရားမအထူးအယူခံမှု (၄) မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၅/၂၀၂၅ (တနင်္သာရီ)၊ ၆/၂၀၂၅ (မကွေး)၊ ၈/၂၀၂၅ (ရှမ်း)နှင့် ၁၂/၂၀၂၅(ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု (၄)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၅၄ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၂-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၄-၅-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၇၅၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## ၁၂ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၇၁၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂- ၅ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၈၀၀ | ၆,၈၀၀ | ၄၆၂ | ၃,၁၄၁,၆၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၅၀ | ၂,၆၂၈ | ၇,၈၈၅,၀၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၅၃၅ | ၉၆၃,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၃၀၀ | ၈၇၀,၀၀၀ |
| EFR | ၁,၅၀၀ | ၁,၅၀၀ | ၂၁၈ | ၃၁၇,၅၅၀ |
| AMATA | ၃,၇၅၀ | ၃,၉၀၀ | ၃၅၈ | ၁,၃၅၆,၂၀၀ |
| MAEX | ၃,၁၅၀ | ၃,၀၅၀ | ၈၉၉ | ၂,၇၂၃,၅၀၀ |
| MADPL(PLB) | ၃,၄၀၀ | ၃,၄၀၀ | ၅၀ | ၁၇၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့်ဝင်ရောက် နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန် အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)



○ ရွှေဖိုးမှ

ငလျင်ဘေးသင့် ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ရောင်းချပေးခြင်း အစီအစဉ်ကို ယနေ့တွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးတို့ လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် ဦးကျော်ရွှေထွန်းနှင့် တာဝန်ရှိသူများသည် "FROM REPAIR TO PREPARE- ပျက်၍ ပြင်ဆင်ခြင်းမှသည် ကြိုတင်ပြင်ဆင်ခြင်းဆီသို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် ဟောပြောပွဲသို့ တက်ရောက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံသံနှင့် သံမဏိအသင်း ဥက္ကဋ္ဌ ဒေါက်တာကေသီလွင်၊ Alpha Power Engineering Co., Ltd.၏ Founder and Managing Director ဦးသက်စံ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဌာနမှူး (ငြိမ်း) ဒေါ်ခင်မေငွေးတို့၏ ဆွေးနွေးမှုများအပေါ် လိုအပ်သည်များ ထပ်မံဖြည့်စွက်အကြံပြု ဆွေးနွေးကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံသံနှင့် သံမဏိ အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သံ၊ သံမဏိ လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ပြီး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

ငလျင်ဘေးသင့် ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ရောင်းချပေးပွဲတွင် ကုမ္ပဏီ ၆၁ ခုမှ ပြခန်းပေါင်း ၇၄ ခုဖြင့် ပြသရောင်းချပေးသွားမည်ဖြစ်ရာ သက်သာသောဈေးနှုန်းဖြင့် လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❈ နမ့်ပွန်းမှ

အမိန့်ကြော်ငြာစာအမှတ်(၄၆/၂၀၂၅)အရ ၁၃၈၇ ခုနှစ် ကဆုန်လဆန်း(၄)ရက် (၂၀၂၅ ခုနှစ် ဧပြီလ ၃၀ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် တည်ထောင်ထားရှိသည့် စီးပွားရေး(ထင်းရှူး)စိုက်ခင်းဟောင်းများနှင့် ယင်းစိုက်ခင်းများအနီးတစ်ဆက်တစ်စပ်တည်းရှိသည့် ဧရိယာများအားထိန်းသိမ်းကာကွယ်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုမျှတစေရန်နှင့် သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

နမ့်ပွန်းကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း သစ်တောဦးစီးဌာနက စိုက်ပျိုးထားသည့် တားမြစ်သစ်စာရင်းဝင် ထင်းရှူးပင်များအား ထိန်းသိမ်းကာကွယ်နိုင်မည့်အပြင် ယင်းစိုက်ခင်းဧရိယာအတွင်း ကျူးကျော်ဝင်ရောက်ဖျက်ဆီးမှုများအား ထိရောက်စွာတားဆီးကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ဧရိယာအတွင်းနေထိုင်ကျက်စားလျက်ရှိသည့် ရှဉ့်၊ တောကြက်၊ ခါနှင့် ငှက်စသည့် တိရစ္ဆာန်များအတွက် ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ နောက်ဆုံးနေ့အဖြစ် သဘင်အစည်းအရုံးမှ ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၁၂

မန္တလေးငလျင်ကြီးဘေးဒဏ်ကြောင့် ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ နောက်ဆုံးနေ့အဖြစ်ရန်ကုန်မြို့ ဒဂုံမြို့နယ်အမျိုးသားကဇာတ်ရုံကြီးတွင် ယနေ့သဘင်အစည်းအရုံးက ဖျော်ဖြေတင်ဆက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့်ပြည်သူများ အားပါးတရ ကြည့်ရှုအားပေးကြသည်။

**ဆုတောင်းမေတ္တာပို့သ**

မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ယနေ့ညဖျော်ဖြေတင်ဆက်မှုတွင် ဦးစွာ ငလျင်လှုပ်ခတ်မှုဖြစ်စဉ်၊ ကူညီကယ်ဆယ်မှု၊ ကူညီထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေး မှတ်တမ်းဗီဒီယိုကိုပြသပြီး ထိုဖြစ်စဉ်တွင် ထိခိုက်သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာပို့သကြသည်။




ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေအဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလှူဒါန်းသော အလှူငွေများအား မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်က လက်ခံရယူစဉ်။

ထို့နောက် ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေအဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များ ကလှူဒါန်းသော အလှူငွေများအား မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်က လက်ခံရယူသည်။

ဖျော်ဖြေရေးအစီအစဉ်တွင် သဘင်အစည်းအရုံးဝိုင်းတော်သားများ ပူးပေါင်းတင်ဆက်မှုနှင့်အတူ ပဏာမဧည့်ခံဂီတသံဖြင့်စတင်ပြီး ဘုရားကန်တော့ခန်း၊ အပျိုတော်ယိမ်း၊ ပဏာမတေး၊ တေးသံသာ၊ အာဇာနည်စန်းစန်းဆပ်ကပ်၊ အော်ပရာနှင့် မြို့ရွှေမန်းသားဖိုးချစ်နှင့် သဘင်အနုပညာရှင်တို့၏ နှစ်ပါးသွားအကတို့ဖြင့် အားပါးတရ ဖျော်ဖြေတင်ဆက်ခဲ့ရာ လာရောက်ကြည့်ရှုကြသည့် ပြည်သူများ အထူးနှစ်ခြိုက်စွာ အားပေးခဲ့ကြသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၅) ကျင်းပ

**နေပြည်တော် မေ ၁၂**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center-DMC)၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဦးဆောင်၍သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် ဦးစိုးကြည်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ကော်မတီဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ငလျင်ဒဏ်သင့် ဒေသများတွင် ပြန်လည် နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောလျင်စွာဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများအလိုက် Container Office နှင့် House များ တောင်းခံထားသည်များကိုလည်း အချိန်မီစိစစ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအတွက် ယာယီတည်းခိုရေး စခန်းများ တည်ဆောက်ပေးခဲ့ပြီး လက်ရှိအချိန်တွင် အဆင်ပြေစွာ နေထိုင်လျက်ရှိကြောင်း၊ ယာယီဘာရာများကို ဝန်ကြီးဌာနအလိုက် သေချာစွာစိစစ်၍ လိုအပ်သည့် အရေအတွက်ကိုသာ ဆောက်လုပ်ကြစေလိုကြောင်း၊ မြေနေရာ ရွေးချယ်မှုနှင့် ရေ၊ မီး၊ မိလ္လာကိစ္စများကို ကောင်းမွန်အဆင်ပြေအောင် စီစဉ်ပေးကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် လက်ရှိဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် အခြေအနေများကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဝန်ကြီးဌာနများသို့ Container Office များ ဦးစားပေး အစီအစဉ်အလိုက် ချထား ဆောင်ရွက်ပေးနေမှု၊ Container House များ ရောက်ရှိဖြန့်ခွဲ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဒဏ်သင့် ပြည်သူများနှင့် ဝန်ထမ်းများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက ဝန်ကြီးဌာနအလိုက် ဝန်ထမ်းများ နေထိုင်နိုင်ရန် ယာယီဘာရာ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ထပ်မံလိုအပ်မှုအခြေအနေများ၊ ယာယီနေထိုင်နိုင်မည့် Container Houseနှင့် ယာယီရုံးခန်းများအဖြစ် အသုံးပြုမည့် Container Office များရရှိ၍ ဝန်ကြီးဌာနပိုင် မြေနေရာများ၌ နေရာချထားဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ဆန်နှင့်ဆီ လာရောက်လှူဒါန်း

**နေပြည်တော် မေ ၁၂**

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က မန္တလေးငလျင်ကြီးကြောင့် ထိခိုက်နစ်နာဆုံးရှုံးခဲ့ရသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ငလျင်ဒဏ်သင့် ဒေသများမှ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများအလိုက် ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် ဆန် ၂၄ ပြည်အိတ် ၄၄၉ အိတ်အတွက် ကျသင့်ငွေကျပ် ၄၆၃ သိန်းနှင့် ဆီအတွက် ၂၈၇ သိန်း စုစုပေါင်း သိန်း ၇၅၀ ကို ယနေ့နံနက်ပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရုံးသို့ ပေးအပ်လှူဒါန်းရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ငလျင်ဘေးခံစားခဲ့ရသည့် မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၂**

မန္တလေးငလျင်ဘေးခံစားခဲ့ရသည့် မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ဒုတိယဥက္ကဋ္ဌ(၁)၊ နေပြည်တော်မသန်စွမ်းသူများအသင်းဥက္ကဋ္ဌနှင့် မသန်စွမ်းသူကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မသန်စွမ်းသူ ၁၁၆၇ ဦး ငလျင်ဘေးခံစားခဲ့ရသည်ကို သိရှိရကြောင်း၊ သဘာဝဘေးကြုံတွေ့ချိန်တွင် မသန်စွမ်းသူများသည် ပိုမိုထိခိုက်လွယ်သည့် အခြေအနေရှိသူများဖြစ်သောကြောင့် ၎င်းတို့၏ လတ်တလောသက်သာချောင်ချိရေး တစ်စိတ်တစ်ပိုင်း အထောက်အပံ့ဖြစ်စေရန်အတွက် ငလျင်ဘေးခံစားခဲ့ရသည့် မသန်စွမ်းသူများကို အထူးအခြေအနေတစ်ရပ်အဖြစ် ထောက်ပံ့ရခြင်းဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေ ဆပ်ကော်မတီကို ဖွဲ့စည်းထားရှိပြီး မသန်စွမ်းမှုအမျိုးအစားအလိုက် ဘေးအန္တရာယ်မဖြစ်ပွားမီ၊ ဘေးအန္တရာယ်ဖြစ်ပွားစဉ်နှင့် ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ရင်ဆိုင်ကြုံတွေ့ရမည့် ကိစ္စရပ်များတွင် ကြိုတင်ပြင်ဆင်နိုင်ရန်၊ ထိရောက်စွာတုံ့ပြန်နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးတို့အတွက် "မသန်စွမ်းသူများအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ကယ်ဆယ်ရေးစံလုပ်ငန်းစဉ်"ကို ပြုစုရေးဆွဲလျက်ရှိကြောင်းနှင့် သဘာဝဘေးကြုံတွေ့လာပါက ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် မသန်စွမ်းသူများ ပူးပေါင်းပါဝင်နိုင်မည့်အခြေအနေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အဘက်ဘက်မှ ပူးပေါင်းပါဝင်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ငလျင်ဘေးခံစားခဲ့ရသည့် မသန်စွမ်းကိုယ်စားလှယ်များကို ထောက်ပံ့ကြေးများပေးအပ်ပြီး ငလျင်ဒဏ်ခံစားခဲ့ရသည့် ကျန်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မသန်စွမ်းသူများအတွက်လည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပခုက္ကူမြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပခုက္ကူ မေ ၁၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ခြင်မှတစ်ဆင့် ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်စေရန်ရည်ရွယ်၍ မေ ၁၀ ရက် နံနက်ပိုင်းက သွေးလွန်တုပ်ကွေးရောဂါကာကွယ် နှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ လမ်းညွှန်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက်ရှိ အိမ်ထောင်စုများအလိုက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် ပိုးလောက်လန်းရှိ/မရှိစစ်ဆေးခြင်း၊ ရေတွင်း/ရေကန်များအား အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း Container House များ နေရာချထားမည့်မြေနေရာ၊ Prefabricated Office များ တပ်ဆင်နေမှုနှင့် တည်ဆောက်ထားသည့် ယာယီအဆောက်များ၌ ဝန်ထမ်းများနေထိုင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများနေထိုင်နိုင်ရန် Container House များ နေရာချထားမည့်မြေနေရာ၊ Prefabricated Office များ တပ်ဆင်နေမှုနှင့် တည်ဆောက်ထားသည့် ယာယီအဆောင်များ၌ ဝန်ထမ်းများနေထိုင်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ယနေ့နံနက်ပိုင်းတွင် ယာယီရှင်းလင်းဆောင်၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်က ရှင်းလင်းတင်ပြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဝင်ကားပတ်လမ်းဘေး၌ ပေ ၂၀ ပတ်လည်ရှိ Prefabricated Office ၁၀ လုံး နေရာချထားရန်နှင့် ကားပါကင်ဘေးရှိ မြေကွက်လပ်၌ ပေ၂၀ ပတ်လည်ရှိ Container House ခုနစ်လုံး၊ အလျားပေ ၂၀၊ အနံ ၁၀ ပေရှိ Container House အလုံး ၅၀ စုစုပေါင်း ၅၇ လုံး နေရာချထားရန် အကွက်ချဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Container House များ နေရာချထားမည့်မြေနေရာ၊ Prefabricated Office များ တပ်ဆင်နေမှုနှင့် ရုံးမျက်နှာစာမြက်ခင်းပြင်ရှိ ၂၁ ခန်းတွဲ ယာယီအဆောက်အအုံ၌ ဝန်ထမ်းများ လက်ရှိနေရာချထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

လှည့်လည်ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက Prefabricated Office များနှင့် Container House များကို နေရာချထားရာတွင် မကြာမီရောက်ရှိလာတော့မည့် မိုးရာသီအတွက်စဉ်းစား၍ မြေသားအနေအထားကို သေချာစွာတိုင်းတာဆောင်ရွက်ရန်၊ ဝန်ထမ်းများ စနစ်တကျနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် ရေ၊ မီး၊ မိလ္လာများ လုံလောက်မှုရှိအောင် ဆောင်ရွက်ပေးရန်၊ ယာယီဘာရှာများ ပတ်ဝန်းကျင်



တွင် သန့်ရှင်းသာယာမှုရှိစေရေးနှင့် ဝန်ထမ်းများ စနစ်တကျဖြင့် စည်းကမ်းတကျ နေထိုင်ကြစေရေး ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး တိုင်းဒေသကြီး/ ပြည်နယ်များ၌ ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားစာပေသင်ကြားရေး အထောက်အကူပြုနှင့် တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် မေ ၁၂**

တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားစာပေသင်ကြားရေးနှင့် စာပေသင်ကြားရေး အထောက်အကူပြု ဝန်ထမ်းများ ခန့်ထားရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာနသည် တိုင်းရင်းသား စာပေသင်ကြားသည့် Teaching Assistant-TA၊ Language Teacher-LT ဆရာ ဆရာမများ ခန့်ထားနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှ စတင်ကာ ပညာရေးဝန်ကြီးဌာနနှင့် စံပြုအချက်များပြုစု၍ စနစ်တကျ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ ဝန်ကြီးဌာနများသည် မိမိတို့၏လုပ်ငန်း၊ ကဏ္ဍအလိုက် တိုင်းရင်းသား ပြည်သူများအတွက် ဆောင်ရွက်ကြရသည်ဖြစ်ရာ တိုင်းရင်းသားများအတွက် အထူးဆောင်ရွက်ပေးသည့် ပညာရေးဝန်ကြီးဌာနအား ကျေးဇူးတင်ရှိပါကြောင်း၊ တက်ရောက် လာကြသူများ အားလုံးအနေဖြင့်လည်း တိုင်းရင်းသားစာပေသင်ကြားရေး ကိစ္စရပ်များနှင့်ပတ်သက်၍ လက်ရှိကြုံတွေ့နေရသည့် အခြေအနေများကို ပိုမိုကောင်းမွန်လာစေရန် ရှေးရှုပြီး ဝိုင်းဝန်းအကြံပြုဆွေးနွေး ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာနသည် တိုင်းရင်းသား ဘာသာစကား၊ စာပေသင်ကြားသင်ယူမှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ တိုင်းရင်းသားစာပေ သင်ကြားသည့် Teaching Assistant-TA၊ Language Teacher-LT ဆရာဆရာမများ ခန့်ထားရေးကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ် ပြဋ္ဌာန်းထားသည့် မူဘောင်များရှိပြီး အခက်အခဲများကို အတူတကွ ပြန်လည်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် TA၊ LT ဆရာ၊ ဆရာမ လျှောက်လွှာများ ခေါ်ယူရေးကိစ္စ၊ တိုင်းရင်းသားစာပေ သင်ရိုးညွှန်းတမ်းစာအုပ်များ ပိုမိုပုံနှိပ်ထုတ်ဝေနိုင်ရေးကိစ္စ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးမြင့် အထောက်အကူပြု သင်တန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နီးစပ်ရာဒေသများတွင် ဖွင့်လှစ်ပေးနိုင်ရေး ကိစ္စရပ်များကို ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားစာပေသင်ကြားရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ် များက တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားစာပေသင်ကြားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အထွေထွေ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးကနိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လျှင်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် Bangladesh Pharmaceutical Society in Myanmar မှ ဆေးဝါးများလှူဒါန်း

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဆောင်ရွက်လျက်ရှိသော လျှင်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် Bangladesh Pharmaceutical Society in Myanmar မှ ဆေးဝါးများလှူဒါန်းပွဲကို ယနေ့တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရန်ကုန်ရုံးခွဲ၌ ကျင်းပသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E.Dr. Md Monwar Hossain က Bangladesh Pharmaceutical Society in Myanmar မှ လှူဒါန်းသော ငွေကျပ် ၁၅၀၀၀၀၀၀ တန်ဖိုးရှိ ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွှန့်က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**



# ၂၀၂၅ အင်္ဂလန် ဒေသန္တရနှင့် ကြားဖြတ်ရွေးကောက်ပွဲ သုံးသပ်ချက်

**၂၀၂၅ ခုနှစ်ဟာ အနောက်နိုင်ငံတွေအတွက် ရွေးကောက်ပွဲနှစ်လို့ ပြောလို့ရပါတယ်။ နှစ်တစ်ဝက်မကျိုးသေးဘူး။ ဥရောပတိုက်က ဂျာမနီ၊ မြောက်အမေရိက တိုက်က ကနေဒါနဲ့ ဩစတြေးလျနိုင်ငံတို့ရဲ့ ဗဟိုအဆင့်၊ ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲတွေ ကျင်းပပြုလုပ်ခဲ့ကြပါတယ်။**

## နိုင်ငံတကာရေးရာ သုတေသီတစ်ဦး

ကမ္ဘာ့အင်အားကြီး အမေရိကန်နိုင်ငံမှာလည်း ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းက ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲတွေ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၂၅ ခုနှစ် အစောပိုင်းမှာ အနိုင်ရသူ ဒေါ်နယ်ထရမ့်က အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် အမေရိကန်သမ္မတ ရွေးကောက်ပွဲကြီးအပြီး ကျင်းပပြုလုပ်ခဲ့တဲ့ နိုင်ငံတကာရွေးကောက်ပွဲတွေ အထူးသဖြင့် အနောက်နိုင်ငံ ရွေးကောက်ပွဲတွေမှာ ထရမ့်လိုလားတဲ့ နိုင်ငံရေးပါတီ ဒါမှမဟုတ် ထရမ့်ပုံစံ နိုင်ငံရေးသမား၊ ထရမ့်ဆန့်ကျင်တဲ့ နိုင်ငံရေးပါတီ ဒါမှမဟုတ် ထရမ့်နဲ့ ခပ်လှမ်းလှမ်းနေတဲ့ နိုင်ငံရေး သမားဆိုပြီး ရွေးကောက်ပွဲလေ့လာသုံးသပ်သူတွေက စိစစ်သုံးသပ်မှုတွေ ပြုလာကြပါတယ်။

အချို့ရွေးကောက်ပွဲတွေဆို ထရမ့်ဗဟိုပြု ရွေးကောက်ပွဲတွေလို့တောင် ဖြစ်နေတယ်။ ရွေးကောက်ပွဲမှာ ထရမ့်ရဲ့ပုံရိပ်က အတော်လွှမ်းမိုးတယ်ပေါ့။ ယေဘုယျ အနောက်နိုင်ငံတွေမှာ ထရမ့်ကို မနှစ်မြို့တာကြောင့် ထရမ့် အယူအဆအချို့နဲ့ ဆင်တူရင်ကိုပဲ အချို့နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေး သမားတွေဟာ ထရမ့်နဲ့ ပေးစားခြင်းခံကြရပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းတွေ၊ လပိုင်းတွေက ကျင်းပပြုလုပ်ခဲ့တဲ့ ဂျာမနီ၊ ကနေဒါနဲ့ ဩစတြေးလျ ရွေးကောက်ပွဲတွေမှာ ထရမ့်ကို မထောက်ခံတဲ့ နိုင်ငံရေးပါတီတွေ အောင်ပွဲခံခဲ့ကြပြီး ထရမ့်နဲ့ ပေးစားခံရတဲ့ နိုင်ငံရေး ပါတီတွေ၊ နိုင်ငံရေးသမားတွေ အရှုံးနဲ့ရင်ဆိုင်ခဲ့ကြရပါတယ်။

### Reform UK ပါတီက အပြတ်အသတ်အနိုင်ရ

ဒါပေမဲ့ ၂၀၂၅ ခုနှစ် မေလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အင်္ဂလန်ရွေးကောက်ပွဲကတော့ နည်းနည်း ထူးခြားပါတယ်။ ထူးခြားတယ်ဆိုတာ ရွေးကောက်ပွဲမှာ အင်္ဂလန် (ယူနိုက်တက်ကင်းဒမ်း)ရဲ့ ဒေါ်နယ်ထရမ့်လို့ လူသိများပြီး ထရမ့်နဲ့ ခိုင်မာတဲ့ ဆက်ဆံရေးရှိတဲ့ Nigel Farage ဦးဆောင်တဲ့ Reform UK ပါတီက အပြတ်အသတ် အနိုင်ရသွားခဲ့ပါတယ်။ အခု ရွေးကောက်ပွဲက ဗဟိုအဆင့် ရွေးကောက်ပွဲတော့မဟုတ်ပါဘူး။ ဒေသန္တရနဲ့ ကြားဖြတ်ရွေးကောက်ပွဲတွေပဲ ဖြစ်ကြပါတယ်။

သူတို့ဆီက ဒေသဆိုင်ရာ ရွေးကောက်ပွဲတွေဟာ ဗဟိုအဆင့်ရွေးကောက်ပွဲတွေလိုပဲ အရေးပါပါတယ်။ သူတို့ဆီမှာ ရွေးကောက်ပွဲတွေက ပုံစံ အမျိုးမျိုးရှိပါတယ်။ (ဗဟိုအဆင့်) အထွေထွေ ရွေးကောက်ပွဲ (General Election)၊ ကြားဖြတ်ရွေးကောက်ပွဲ (By-election)၊ ဒေသန္တရရွေးကောက်ပွဲ (Local Government)၊ မြို့တော်ဝန်ရွေးကောက်ပွဲ (Local Mayors, Mayor of London & London Assembly) စသဖြင့် ရှိပါတယ်။

ဒ့ါအပြင် စကော့တလန် ပါလီမန်ရွေးကောက်ပွဲ (Scottish Parliament)၊ မြောက်အိုင်ယာလန် ရွေးကောက်ပွဲ (Northern Ireland Assembly)၊ ဝေလပြည်နယ်ရွေးကောက်ပွဲ (Welsh Parliament) စသဖြင့် ရှိပါတယ်။ သိကြတဲ့အတိုင်း ယူနိုက်တက်ကင်းဒမ်းနိုင်ငံဆိုတာ အင်္ဂလန်(England)၊ စကော့တလန် (Scotland)၊ ဝေလ (Wales)နှင့် အိုင်ယာလန်မြောက်ပိုင်း (Northern Ireland) စတဲ့ သီးခြားနယ်ပယ်ဒေသကြီးလေးခုနဲ့ စုဖွဲ့ထားတဲ့ နိုင်ငံဖြစ်ပါတယ်။ နာမည်အပြည့်အစုံက United Kingdom of Great Britain and Northern Ireland ဖြစ်ပါတယ်။ ယူကေ (UK) လို့ အတိုကောက်ခေါ်ကြပါတယ်။ အခု ရွေးကောက်ပွဲတွေဟာ ယူကေနိုင်ငံရဲ့ အဓိကအစိတ်အပိုင်းကြီးတစ်ခုဖြစ်တဲ့ အင်္ဂလန်မှာ ပြုလုပ်တဲ့အတွက် နိုင်ငံတကာမီဒီယာတွေက အင်္ဂလန်ဒေသန္တရနဲ့ ကြားဖြတ်ရွေးကောက်ပွဲ (English local elections or England by-election) စသဖြင့် ဝိဂြိုဟ်ပြုကြပါတယ်။




အင်္ဂလန်နိုင်ငံ ဒေသန္တရနှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသည့် Reform UK ပါတီ ခေါင်းဆောင် Nigel Farage အောင်ပွဲခံစဉ်။

### အဓိကယှဉ်ပြိုင်ကြတဲ့ နိုင်ငံရေးပါတီများ

အခု ၂၀၂၅ အင်္ဂလန် ရွေးကောက်ပွဲမှာ အဓိက ယှဉ်ပြိုင်ကြတဲ့ နိုင်ငံရေးပါတီတွေကတော့ လက်ရှိ အာဏာရလေဘာပါတီ (Labour Party)၊ အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီ (Conservative Party)၊ ပါတီသစ်တစ်ခုဖြစ်တဲ့ လက်ယာအမျိုးသားရေး အယူ ကိုင်စွဲတဲ့ Reform UK ပါတီ၊ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (Liberal Democrats) နဲ့ သဘာဝပတ်ဝန်းကျင်ပါတီ (Green Party) တို့ ဖြစ်ပြီး အင်္ဂလန်တစ်ဝန်း ဒေသဆိုင်ရာကောင်စီ (local councils) ၂၃ ခုမှာ ရှိတဲ့ နေရာ ၁၆၀၀ ကျော်နဲ့ မြို့တော်ဝန် (Regional Mayors) ခြောက်နေရာ အပြင် အောက်လွှတ်တော် (House of Commons) လစ်လပ်မဲဆန္ဒနယ် တစ်နေရာတို့မှာ ဝင်ရောက်ယှဉ်ပြိုင်ကြတာ ဖြစ်ပါတယ်။

နောက်ဆုံး ရလဒ်တွေအရ Reform UK ပါတီဟာ ဒေသဆိုင်ရာ ကောင်စီ ၆၇၇ နေရာ၊ လစ်ဘရယ်ဒီမိုကရက်တွေကနေရာ ၃၇၀၊ ကွန်ဆာဗေးတစ်က ၃၁၉ နေရာ၊ လေဘာက ၉၈ နေရာ၊ ဂရင်းက ၇၉ နေရာနဲ့ ကျန်တာတွေက တစ်သီးပုဂ္ဂလိကတွေ၊ အခြား အဖွဲ့အစည်းတွေက နိုင်ပါတယ်။ မြို့တော်ဝန် ရွေးကောက်ပွဲမှာလည်း Reform UK ပါတီက နှစ်နေရာနိုင်ပြီး လူစိတ်အဝင်စားဆုံးဖြစ်တဲ့ အောက်လွှတ်တော် အမတ်နေရာကိုလည်း Reform UK ပါတီကပဲ နိုင်ပါတယ်။ အဲဒီအောက်လွှတ်တော် နေရာ မဲရလဒ်ဟာ သိပ်နီးကပ်လွန်းလို့ နောက်တစ်ကြိမ် မဲ ပြန်လည်ရေတွက်ခဲ့ရပြီး Reform UK ပါတီက လေဘာပါတီကို ခြောက်မဲအကွာနဲ့ ပွတ်ကာသီကာ အနိုင်ရခဲ့တာဖြစ်ပါတယ်။

အခု ဒေသဆိုင်ရာ ရွေးကောက်ပွဲတွေမှာ ထိပ်ဆုံးက အနိုင်ရသွားတဲ့ Reform UK ပါတီဟာ တစ်ချိန်က ယူကေနိုင်ငံ ဥရောပသမဂ္ဂအဖွဲ့ (EU) မှ နုတ်ထွက်စေရေးဦးဆောင်ဆော်ဩခဲ့တဲ့ Brexit Party အဖြစ် လူသိများပြီး ၂၀၂၁ ခုနှစ်မှာ Brexit Party မှ Reform UK ပါတီအဖြစ် အမည်ပြောင်းလဲခဲ့တာ ဖြစ်ပါတယ်။ Reform UK ပါတီဟာ အာဏာရပါတီကြီးဖြစ်တဲ့ လေဘာပါတီနဲ့ အဓိက အတိုက်အခံပါတီကြီးဖြစ်တဲ့ ကွန်ဆာဗေးတစ်တို့ကို ကျော်လွန်ပြီး နေရာအများစု အနိုင်ရသွားခဲ့လို့ ယူကေ (အင်္ဂလန်) နိုင်ငံရေးတစ်ခုလုံး တအံ့တဩဖြစ်သွားကြပါတယ်။ ယူကေနိုင်ငံမှာ (ဗဟိုအဆင့်) အထွေထွေ ရွေးကောက်ပွဲတွေကို ၂၀၂၄ ခုနှစ် ဇူလိုင်လမှာ ကျင်းပပြုလုပ်ခဲ့တာဖြစ်ပြီး အဲဒီ ၂၀၂၄ အထွေထွေ ရွေးကောက်ပွဲတုန်းက အောက်လွှတ်တော်မှာ လေဘာပါတီက အမတ် ၄၀၀ ကျော်ရခဲ့ပြီး ကွန်ဆာဗေးတစ်တွေက ၁၀၀ ကျော်ပဲ ရခဲ့ပါတယ်။ အဲဒီတုန်းက Reform UK ပါတီက အမတ်နေရာ ငါးနေရာပဲနိုင်ပါတယ်။ အခု ၂၀၂၅ ရွေးကောက်ပွဲတွေက ဗဟိုအဆင့်၊ ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲတွေ မဟုတ်ဘူး၊ ဒေသန္တရအဆင့်သာ ဖြစ်တယ်ဆိုတဲ့တိုင် Reform UK ဟာ အစဉ်အလာကြီးမားတဲ့ လေဘာကော၊ ကွန်ဆာဗေးတစ်ကော ကျော်ပြီး ပထမနေရာရောက်သွားခဲ့တာဖြစ်ပါတယ်။

အင်္ဂလန် (ယူကေ) မှာ ဒေသဆိုင်ရာကောင်စီ နေရာတွေဟာ ပြည်သူနဲ့ တိုက်ရိုက်ဆက်ဆံရတဲ့ နေရာတွေဖြစ်လို့ ပြည်ထောင်စုလွှတ်တော် အမတ်တွေလိုပဲ အရေးပါပါတယ်။ အနိုင်ရခဲ့တဲ့ Reform UK ပါတီခေါင်းဆောင် Nigel Farage ကတော့ ယူကေနိုင်ငံ ရွေးကောက်ပွဲသမိုင်းမှာ လေဘာနဲ့ ကွန်ဆာဗေးတစ်ပါတီကြီးတွေကို အလဲထိုးပြီး ရှေ့ကို ရောက်လာတဲ့ Reform UK ပါတီလို ပါတီမျိုး မရှိသေးဘူးဆိုကာ ဂုဏ်ယူဝင့်ကြွားစွာ ပြောပါတယ်။ အခု ရွေးကောက်ပွဲမှာ အခြားပါတီတွေဖြစ်တဲ့ လစ်ဘရယ်ဒီမိုကရက်တို့၊ ဂရင်းတို့ကလည်း သိသာထင်ရှားတဲ့ အောင်မြင်မှုတွေ ရခဲ့တာကြောင့် ယူကေ နိုင်ငံရေးလောကမှာ အရင်ကလို ပါတီကြီး နှစ်ပါတီ လွှမ်းမိုးကြီးစိုးတဲ့ နှစ်ပါတီနိုင်ငံရေး (duopoly politics) အဆုံးသတ်သွားပြီ၊ ငါးပါတီခေတ် ဖြစ်လာပြီဆိုပြီး လေ့လာသူအချို့က သုံး သပ်နေကြပါတယ်။

### ဥရောပအတွက်တော့ သတင်းကောင်းမဟုတ်

Reform UK ပါတီရဲ့ အောင်မြင်မှုဟာ ဥရောပ အတွက်တော့ သတင်းကောင်း မဟုတ်ပါဘူး။ Reform UK ပါတီခေါင်းဆောင် Nigel Farage ဟာ ဥရောပသမဂ္ဂ (အီးယူ) နဲ့ အစေးမကပ်သူဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၉ ရက်နေ့ ဥရောပ ပါလီမန်မှာ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ အီးယူက တရားဝင် နုတ်ထွက်တဲ့ အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ ယူကေကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်တက်ရောက်ခဲ့သူမှာ Nigel Farage ဖြစ်ပါတယ်။ အီးယူအဖွဲ့ဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ လွှတ်တော် အမတ်များရှေ့ နှုတ်ဆက်မိန့်ခွန်းပြောရာမှာ Nigel Farage က အီးယူအဖွဲ့အစည်းကို အပြင်းအထန် ပြစ်တင်ဝေဖန်သွားခဲ့ပြီး ယူကေနိုင်ငံက အီးယူက အုပ်စုဖွဲ့အနိုင်ကျင့်ဖို့ သေးငယ်တဲ့နိုင်ငံမဟုတ်ကြောင်း၊ အီးယူဟာ သူလိုချင်တာကို မရရအောင် မလိမ့်တစ်ပတ်လုပ်တဲ့နေရာမှာ အင်မတန်တော်ကြောင်း၊ ယူကေနိုင်ငံရဲ့ အချုပ်အခြာအာဏာကို အထိပါးခံမှာ မဟုတ်ကြောင်း၊ ကျွန်ုပ်တို့အနေနဲ့ ဥရောပတိုက်အား ချစ်မြတ်နိုးတယ်၊ ဒါပေမဲ့ အီးယူအဖွဲ့အစည်းကို မချစ်မနှစ်သက်ပါဟု ပြောင်ပြောင်တင်းတင်း ပြောကြားခဲ့ပါတယ်။ သူ့မိန့်ခွန်းမပြီးဆုံးမီ အီးယူပါလီမန်သဘာပတိဖြစ်သူက စကားပြောခွက်ကို ပိတ်ပစ်ခဲ့ပြီး ယူကေအလံတွေကိုယူကာ ပါလီမန်မှ ထွက်ခွာဖို့ ပြောဆိုခဲ့ပါတယ်။

အခုအချိန်ဟာ ဥရောပတိုက်မှာ လက်ဝဲ၊ လက်ယာ နိုင်ငံရေးသဘောထား ကွဲပြားမှုတွေ အမြင့်မားဆုံးကိုရောက်ရှိနေပြီး အာဏာရ လစ်ဘရယ်အသိုင်းအဝိုင်းက ဥရောပတစ်လွှား လက်ယာစွန်းနိုင်ငံရေးပါတီတွေကို ပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်နေချိန်ဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ❒

**❝ ဒေသဆိုင်ရာရွေးကောက်ပွဲတွေမှာ ထိပ်ဆုံးကအနိုင်ရသွားတဲ့ Reform UK ပါတီဟာ တစ်ချိန်က ယူကေနိုင်ငံ ဥရောပသမဂ္ဂအဖွဲ့ (EU) မှ နုတ်ထွက်စေရေးဦးဆောင်ဆော်ဩခဲ့တဲ့ Brexit Party အဖြစ် လူသိများပြီး ၂၀၂၁ ခုနှစ်မှာ Brexit Party မှ Reform UK ပါတီအဖြစ် အမည်ပြောင်းလဲခဲ့တာဖြစ်ပါတယ်။ Reform UK ပါတီဟာ အာဏာရပါတီကြီးဖြစ်တဲ့ လေဘာပါတီနဲ့ အဓိကအတိုက်အခံ ပါတီကြီးဖြစ်တဲ့ ကွန်ဆာဗေးတစ်တို့ကိုကျော်လွန်ပြီး နေရာအများစု အနိုင်ရသွားခဲ့လို့ ယူကေ (အင်္ဂလန်) နိုင်ငံရေးတစ်ခုလုံး တအံ့တဩဖြစ် ❞**

# လျှော့ဈေးသင့်တဲ့အတွက် တည်ဆောက်ရေးလုပ်ငန်းတွေ ပြန်လည်လုပ်ဆောင်ရမှာဖြစ်ပြီး လိုအပ်တဲ့ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေကို တစ်နေရာတည်းမှာ တစုတစည်းတည်း ဈေးနှုန်းသက်သက်သာသာနဲ့ ဝယ်ယူရရှိနိုင်အောင် ရောင်းချပေးခြင်းဖြစ်ပါတယ်

ဒေါက်တာကေသီလွင်

မန္တလေးငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အများပြည်သူများ ဈေးနှုန်းမှန်ကန်စွာနှင့် အရည်အသွေးပြည့်မီစွာ ဝယ်ယူနိုင်ရန် ရည်ရွယ်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ မေ ၁၂ ရက်မှ ၁၈ ရက်အထိ ငလျင်ဘေးသင့်ပြည်သူများ လွတ်လပ်စွာဝယ်ယူနိုင်ရန်အတွက် UMFCCI၊ မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသံနှင့် သံမဏိအသင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေမှုနှင့်စပ်လျဉ်း၍ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်–


ဦးကျော်စိုး


မစန်းသော်တာလတ်


ဦးမင်းသော်


ဒေါက်တာကေသီလွင်


ဦးစိုးမိုးအောင်

**ဦးကျော်စိုး**
**Deputy Managing Director**
**Steel King Company Limited**

ကျွန်တော်တို့ STEEL KING ကုမ္ပဏီအနေနဲ့ ဒီပြပွဲမှာ သံနဲ့ပတ်သက်ပြီးတော့ သံချောင်းတွေ၊ Hollow တွေ၊ H Beam တွေ၊ အဆောက်အအုံနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေ၊ ငလျင်ဒဏ်ခံနိုင်တဲ့ မြေထိန်းတိုး Sheet pile ပစ္စည်းတွေနဲ့ သံတွေကို အဆင့်မြင့် ထုတ်လုပ်ရေး စက်နဲ့တကွ ကျွန်တော်တို့ ပြသရောင်းချပေးနေပါတယ်။

ပြပွဲရက်အတွင်း ငလျင်ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေအတွက် အဆင်ပြေအောင် အထူးဈေးနှုန်းနဲ့ ရောင်းချပေးနေပါတယ်။ ကျွန်တော်တို့ အရောင်းပြခန်းမှာ ပစ္စည်းကုန်ကြမ်းတွေကို လေ့လာနိုင်သလို၊ ကုန်ကြမ်းထုတ်လုပ်ရေး နည်းပညာတွေကိုလည်း လေ့လာနိုင်တဲ့အတွက်လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ဒါ့အပြင် ငလျင်နဲ့ပတ်သက်ပြီး ရေရှည်မှာ ကာကွယ်နိုင်အောင် အဆင့်မြင့် နည်းပညာတွေ၊ စနစ်တကျသုံးစွဲနိုင်တဲ့ အင်ဂျင်နီယာစနစ်တွေကို ကျွန်တော်တို့ STEEL KING ကုမ္ပဏီပြခန်းမှာ လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ဈေးနှုန်းအနေနဲ့လည်း ပစ္စည်းအမျိုးစား၊ အမည်တွေအလိုက် ရာခိုင်နှုန်းအလိုက် လျှော့ဈေးရှိပါတယ်။ လာရောက်ဝယ်ယူတဲ့ အချိန်ကျရင် KBZ Bank နဲ့ ချိတ်ဆက်ပြီး ငွေပေးချေလို့ရအောင် စီစဉ်ထားပါတယ်။ ငလျင်နဲ့ပတ်သက်ပြီး အရည်အသွေးပြည့်မီတဲ့ ဆောက်လုပ်ရေးစနစ်တွေ ဖြစ်စေချင်ပါတယ်။

**မစန်းသော်တာလတ်**
**အထွေထွေမန်နေဂျာ**
**MAX CEMENT**

ပွဲတော်ရက်မှာ Max ဘိလပ်မြေကို ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ တစ်ရက်ကို အိတ်တစ်သောင်း ရောင်းချပေးသွားမှာဖြစ်ပါတယ်။ လာရောက်ဝယ်ယူသူတွေ အဆင်ပြေစေဖို့ ငွေသွင်းပြီးတာနဲ့ ပစ္စည်းကို တစ်ခါတည်းထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ ဈေးပွဲတော်ကာလအတွင်း စက်ရုံဈေးနှုန်းအတိုင်း တစ်အိတ်ကို ငွေကျပ် ၁၉၅၀၀ နှုန်းနဲ့ ရောင်းချပေးသွားမှာဖြစ်တဲ့အပြင် နေပြည်တော် Max Showroom မှာလည်း ဆက်တိုက် ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ နေပြည်တော် ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ ပြည်သူတွေ အဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ဖို့အတွက် ကျွန်မတို့ MAX CEMENT စက်ရုံကြီးအနေနဲ့ နေ့စဉ် ရောင်းချပေးသွားမှာဖြစ်ပါတယ်။

**ဦးမင်းသော်**
**ကံလှကွက်သစ်**
**ပုဗ္ဗသီရိမြို့နယ်**

MAX ကုမ္ပဏီက ဘိလပ်မြေ လာရောက်ဝယ်ယူတာ ဖြစ်ပါတယ်။ ရွှေကြာပင်မှာလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းပေးတယ်။ ဒီပြပွဲမှာလည်း ရောင်းချနေတယ်ဆိုလို့ လာရောက်ဝယ်ယူတာ ဖြစ်ပါတယ်။ ပွဲတော်မှာ ဈေးနှုန်းသက်သာပြီး ဝယ်ယူရတာ အဆင်ပြေတဲ့အပြင် လူတစ်ဦး အိတ် ၂၀ အထိ ရောင်းချပေးပါတယ်။ လိုအပ်နေတဲ့ သံတွေကိုလည်း ဝယ်ယူဖို့ရှိပါသေးတယ်။ ပြည်သူတွေကို အခုလို ဈေးနှုန်းချိုသာစွာ ရောင်းချပေးတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အတိုင်းမသိ ဝမ်းသာမိပါတယ်။

**ဒေါက်တာကေသီလွင်**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း**

မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းအနေနဲ့ ပြခန်းပေါင်း ၂၆ ခန်းပါဝင်ပြီးတော့ ကုမ္ပဏီ ၁၅ ခုပါဝင်ပြသပါတယ်။ သံနှင့်သံမဏိ ကုမ္ပဏီ ၁၄ ခု၊ Digital Payment Partner အနေနဲ့ KBZ Pay တို့က ပါဝင်ပြသထားပါတယ်။ ဈေးနှုန်းအနေနဲ့ Market Price ထက် Discount လျှော့ချပြီး ရောင်းချပေးပါတယ်။ အခု ဈေးပွဲတော် ရောင်းချရတဲ့ အဓိကရည်ရွယ်ချက်က ငလျင်ဘေးသင့် ဒေသခံပြည်သူတွေအတွက် အလွယ်တကူ ဆောက်လုပ်ရေး ပစ္စည်းတွေ ရရှိနိုင်အောင်ပါ၊ ငလျင်ဘေးသင့်တဲ့အတွက် တည်ဆောက်ရေးလုပ်ငန်းတွေ ပြန်လည်လုပ်ဆောင်ရမှာဖြစ်ပြီး လိုအပ်တဲ့ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းတွေကို တစ်နေရာတည်းမှာ တစုတစည်းတည်း ဈေးနှုန်းသက်သက်သာသာနဲ့ ဝယ်ယူရရှိနိုင်အောင် ရောင်းချပေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ Market Price ထက် ပစ္စည်းတိုင်းကို သက်သာအောင် လျှော့ပြီး ရောင်းချပေးနေပါတယ်။

သံနဲ့သံမဏိပစ္စည်း ပြခန်းမှာဆိုရင် အဆောက်အအုံတစ်ခုလုံးအတွက် လိုအပ်တဲ့တည်ဆောက်ရေးပစ္စည်း အရွယ်အစားအစုံ၊ ပစ္စည်းမျိုးစုံကို ရောင်းချပေးလျက်ရှိပါတယ်။ အရည်အသွေးကိုလည်း Latest Certificate တွေနဲ့ ဆိုဒ်မှန်အောင် ရောင်းချပေးနေပါတယ်။ ပြပွဲကို လာရောက်လေ့လာကြည့်ရှုကြပြီး လိုအပ်တဲ့ တည်ဆောက်ရေး ပစ္စည်းတွေ ဝယ်ယူကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ငလျင်ဘေးကြောင့် ထိခိုက်ခဲ့တဲ့ ပြည်သူလူထုရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ ဈေးလျှော့ပြီး အလွယ်တကူ ဝယ်ယူလို့ရအောင် လာရောက် ရောင်းချပေးတာ ဖြစ်ပါတယ်။

**ဦးစိုးမိုးအောင်**
**အောင်သုခကျေးရွာ**
**ပုဗ္ဗသီရိမြို့နယ်**

ငလျင်ဒဏ်ကြောင့် အုတ်တံတိုင်းပြိုကျခဲ့တဲ့အတွက် ဘိလပ်မြေ လာရောက်ဝယ်ယူတာ ဖြစ်ပါတယ်။ ကြံ့ခိုင်ကောင်း ဘိလပ်မြေ အိတ် ၂၀ ဝယ်ယူခဲ့ပါတယ်။ လူတစ်ဦးကို အိတ် ၂၀ ရောင်းပေးတဲ့အပြင် ပြင်ပဈေးထက် အများကြီး သက်သာပါတယ်။ ကန့်သတ်ချက်တွေနဲ့ ရောင်းပေးတယ်ဆိုပေမယ့် ဝယ်ယူရတာ အဆင်ပြေပါတယ်။ အခြားလိုအပ်တဲ့ လူတွေအတွက်လည်း အဆင်ပြေပါတယ်။ ဈေးရောင်းပွဲတော် ပြုလုပ်ပေးတဲ့အတွက် အကြီးအကဲနဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။


ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများရောင်းချပေးခြင်းအစီအစဉ်သို့ လာရောက်ကြည့်ရှုလေ့လာဝယ်ယူကြသူများကို တွေ့ရစဉ်။

အောင်မင်းဂျိုင်း
ဓာတ်ပုံ - ဖိုးပြည့်စုံ

❒ စာမျက်နှာ ၆ မှ

ပြီးခဲ့တဲ့လက ပြင်သစ်မှာ ဒုတိယအကြီးဆုံးပါတီဖြစ်တဲ့ လက်ယာစွန်း National Rally ပါတီခေါင်းဆောင် Marine Le Pen ကို ၂၀၂၇ ခုနှစ် ပြင်သစ် သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်လိုက်ပြီး ဂျာမနီမှာ ဒုတိယအကြီးဆုံးပါတီဖြစ်တဲ့ လက်ယာစွန်း AfD ပါတီကို အစွန်းရောက်ပါတီအဖြစ် တရားဝင်သတ်မှတ်လိုက်ပါတယ်။

ရိုမေးနီးယားနိုင်ငံမှာလည်း ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှာ ပထမအကျော့ သမ္မတရွေးကောက်ပွဲများကျင်းပခဲ့ပြီး လက်ယာစွန်းနိုင်ငံရေးသမား Călin Georgescu အနိုင်ရခဲ့ပေမယ့် ရိုမေးနီးယားဖွဲ့စည်းပုံအခြေခံခုံရုံးက ရွေးကောက်ပွဲအတွင်း ရုရှားနိုင်ငံရဲ့ လွှမ်းမိုးမှုတွေရှိခဲ့တယ်ဆိုပြီး ရွေးကောက်ပွဲရလဒ်ကို ဖျက်သိမ်း၊ Călin Georgescu ကိုလည်း နောက်ထပ် သမ္မတရွေးကောက်ပွဲတွေမှာ ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခဲ့ပါတယ်။

အခုလို ဥရောပ လစ်ဘရယ် အစိုးရတွေအနေနဲ့ လက်ယာစွန်းတွေကို တစ်ဖက်သတ်ဖိနှိပ်နေချိန်မှာ ယူကေနိုင်ငံဒေသဆိုင်ရာ ရွေးကောက်ပွဲတွေမှာ ဥရောပသမဂ္ဂကို အဆိုးမြင်သူ၊ လက်ယာစွန်းအဖြစ် ရှုမြင်ခြင်းခံရသူ၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ အထူးရင်းနှီးသူ အင်္ဂလန်နိုင်ငံရေးသမား Nigel Farage ဦးဆောင်တဲ့ Reform UK ပါတီ အနိုင်ရမှုဟာ ဥရောပအတွက် အိပ်မက်ဆိုးတွေပဲ ဖြစ်စေပါလိမ့်မယ်။ ။

> ❝ ဥရောပ လစ်ဘရယ် အစိုးရတွေအနေနဲ့ လက်ယာစွန်းတွေကို တစ်ဖက်သတ်ဖိနှိပ်နေချိန်မှာ ယူကေနိုင်ငံဒေသဆိုင်ရာ ရွေးကောက်ပွဲတွေမှာ ဥရောပသမဂ္ဂကို အဆိုးမြင်သူ၊ လက်ယာစွန်းအဖြစ် ရှုမြင်ခြင်းခံရသူ၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ အထူးရင်းနှီးသူ အင်္ဂလန်နိုင်ငံရေးသမား Nigel Farage ဦးဆောင်တဲ့ Reform UK ပါတီ အနိုင်ရမှုဟာ ဥရောပအတွက် အိပ်မက်ဆိုးတွေပဲဖြစ် ❞

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်



နေပြည်တော် မေ ၁၂

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိအမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၁၇ ကျောင်းတွင် နယ်စပ်ဒေသများမှ တိုင်းရင်းသူ အမျိုးသမီးငယ်များအား အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးပြီး အလုပ်အကိုင် အခွင့်အလမ်း ရရှိခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ်သင်တန်းများအဖြစ် အဆင့်မြင့်အိမ်တွင်းမှု အပ်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းတို့ကို ယနေ့နံနက်ပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ဖွင့်လှစ်ပေးခဲ့သည်။

### တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားများသို့ လွိုင်ကော်မြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဘားအံမြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မုဒုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပုသိမ်မြို့ အိမ်တွင်းမှုသင်တန်း ကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း (အပေါ်ပုံ)၊ ဆိုက်ခေါင် အိမ်တွင်းမှုသင်တန်းကျောင်းတွင် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ မြိတ်မြို့ အိမ်တွင်းမှုသင်တန်း ကျောင်းတွင် တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ ကော့သောင်းမြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် တနင်္သာရီ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တာချီလိတ်မြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်မင်းထွန်းတို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိဦးစီးဌာနများမှ တိုင်းဒေသကြီး /ပြည်နယ်ဦးစီးမှူးများနှင့် ပြည်နယ်/ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ သင်တန်းကျောင်း ၁၇ ကျောင်းတွင် အဆင့်မြင့်အိမ်တွင်းမှုအပ်ချုပ်သင်တန်းသူ ၄၆၀၊ ရိုးရာဂျပ်ခုတ်သင်တန်းသူ ငါးဦး၊ အခြေခံ လက်ရက်ကန်းသင်တန်းသူ ငါးဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းသူ ၄၀ စုစုပေါင်း ၅၁၀ တို့ တက်ရောက်မည်ဖြစ်သည်။ သင်တန်းကို ၂၀၂၅ ခုနှစ် မေ ၁၂ ရက်မှ အောက်တိုဘာ ၁၀ ရက်ထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူ စုစုပေါင်း ၉၇၂၉၁ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မြောက်ဥက္ကလာပမြို့နယ်တွင် မြတ်ဒါန သာသနာ့ဗိမာန်နှင့် မုခ်ဦး စေတီတော် ထီးတော်တင်မင်္ဂလာနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား ပြုလုပ်

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် စံပြ(ဂ)ရပ်ကွက် ဥက္ကာ ၂ လမ်း ဝါတွင်း အင်္ဂါပတ် မြတ်ဒါန သာသနာ့ဗိမာန်နှင့် မုခ်ဦး၊ စေတီတော်ထီးတော်တင်မင်္ဂလာနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ သာသနာ့ဗိမာန်တော်တွင် ပြုလုပ်ခဲ့သည်။

ဦးစွာ မြတ်ဒါန သာသနာ့ဗိမာန်တော်မုခ်ဦးအလှူရှင်များဖြစ်သော အလှူရှင် ဦးယူစိန်နှင့် မိသားစု၊ အလှူရှင် ဒေါ်ခင်သန်းရီနှင့် ဒေါ်ခင်နှင်းရီ မိသားစုတို့က ဆရာတော်အရှင်သူမြတ်တို့အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ အလှူရှင်မိသားစုနှင့် အကျိုးတော်ဆောင်များက စိန်ဖူးတော်အစရှိသော ထီးတော်ဘုံအဆင့်ဆင့်ကို မင်္ဂလာပန်းရထားဖြင့် တင်လှူပူဇော်ခဲ့ကြကာ ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ ယင်းနောက် မြတ်ဒါန သာသနာ့ဗိမာန် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးငွေလွင်က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းများကို လျှောက်ထားပြီး မြတ်ဒါန သာသနာ့ဗိမာန် အကျိုးတော်ဆောင်ဘဏ္ဍာရေးမှူး ဦးမောင်လှက ဘဏ္ဍာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။ ဆက်လက်၍ မြတ်ဒါန သာသနာ့ဗိမာန် ဒုတိယဥက္ကဋ္ဌ ဦးယူစိန်က စာရင်းစစ်အစီရင်ခံစာဖတ်ကြားကာ နာယကဦးမင်းဦးနှင့် ဦးသန်းဦးတို့က ကျေးဇူးတင်စကားနှင့် ကမ္ပည်းမော်ကွန်းမှတ်တမ်းကို ဖတ်ကြားခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် သာသနဓဇဓမ္မာစရိယ ဩဝါဒါစရိယ ဓမ္မဝိဟာရီ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိသာရဒ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သက်လွင်စိုး (ပြန်/ဆက်)

# လွိုင်ကော်မြို့၌ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ဌာနတွင်းရက်တိုသင်တန်းဖွင့်ပွဲ ကျင်းပ

လွိုင်ကော် မေ ၁၂

ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဌာနတွင်း ရက်တိုသင်တန်းဖွင့်ပွဲကို ယနေ့နံနက်က လွိုင်ကော်မြို့နယ် ခန်းမတွင် ကျင်းပသည်။



ဦးစွာ ကယားပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးတင်လှက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တပြည်နယ်အမှုဆောင်အရာရှိ ဦးစောနေခလီးက ဌာနတွင်းရက်တိုသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းကို မေ ၁၂ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်ပင်သာယာရေးဥပဒေ၊ ရုံးလုပ်ငန်းလက်စွဲ၊ စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ငွေစာရင်း ထိန်းသိမ်းနည်း၊ အင်ဂျင်နီယာ လုပ်ငန်းများနှင့် အခွန်၊ အခကောက်ခံမှုစနစ်တို့ကို စာတွေ့ လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ကိုတွတ်(ပြန်/ဆက်)

# တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး

တပ်ကုန်း မေ ၁၂

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ဥတ္တရခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမော်နှင့် တာဝန်ရှိသူများက ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်တွေ့ဆုံခဲ့သည်။



ဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စခန်းသွင်းလေ့ကျင့် သင်ကြားနေမှုနှင့် ကျောင်းအိပ်၊ ကျောင်းစားထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကာ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ပြီး စာရေးကိရိယာပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

# တိုက်ကြီးမြို့နယ်၌ စားသောက်ကုန်များနှင့် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေး

တိုက်ကြီး မေ ၁၂

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ စားသောက်ကုန်နှင့် အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်များအနေဖြင့် ဈေးနှုန်းမြှင့်တင် ရောင်းချမှုမရှိစေရေး ကွင်းဆင်း စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး ဦးဆောင်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြို့နယ် မီးသတ်ဦးစီးဌာနတို့



ပူးပေါင်း၍ တိုက်ကြီးမြို့မဈေး အတွင်းရှိ စားသောက်ကုန်နှင့် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များကို ဈေးနှုန်းမြှင့်တင် ရောင်းချခြင်းများ မရှိစေရေး အသိပညာပေး ပြောကြားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တောင်ကြီးမြို့၌ နွေရာသီအခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ တရုတ်၊ ကိုရီးယားစကားပြော၊ ပန်းချီ၊ စစ်တုရင်သင်တန်းဆင်းပွဲ ကျင်းပ

တောင်ကြီး မေ ၁၂

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် နွေရာသီအခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ တရုတ်၊ ကိုရီးယားစကားပြော၊ ပန်းချီ၊ စစ်တုရင် သင်တန်းဆင်းပွဲကို မေ ၁၂ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံး ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က လူထုအခြေပြုဗဟိုဌာနတွင် လူငယ်များဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နွေရာသီသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏အရေးကြီးဆုံး အရင်းအမြစ်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်များအချိန်ကိုတန်ဖိုးရှိရှိ အသုံးချတတ်စေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြစ်ပါကြောင်း



ပြောကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် သင်တန်းသား သင်တန်းသူများအား ဆုတံဆိပ်နှင့်ငွေသားဆုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ချီးမြှင့်ပေးသည်။ နွေရာသီအခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ တရုတ်စကားပြော၊ ကိုရီးယားစကားပြော၊ ပန်းချီနှင့် စစ်တုရင်သင်တန်းများအတွက် သင်တန်းဆင်းလက်မှတ်နှင့် မေတ္တာဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့်နည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ချီးမြှင့်ပေးကြပြီး နွေရာသီအခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ တရုတ်၊ ကိုရီးယားစကားပြော၊ ပန်းချီနှင့် စစ်တုရင်သင်တန်းများအတွက် အလှူငွေများကို ရှမ်းတောင် သတ္တုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးအောင်မြင့်က ပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# ပွင့်ဖြူမြို့နယ် ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်က နွေစပါးများ စိုက်ပျိုး

မကွေး မေ ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်က ကျေးလက်နေတောင်သူများအား မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးလာခြင်းကြောင့် အကျိုးအမြတ်ပိုမိုရရှိစေရန်၊ မျိုးကောင်းမျိုးသန့်များ တစ်ပိုင်တစ်နိုင်ဖြည့်ဆည်းပေးရန်ရည်ရွယ်၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ် မင်းဘူး(စကု)မြို့နယ်တို့၌ စပါးများစိုက်ပျိုးထုတ်လုပ်နိုင်ရေး သမဝါယမကဏ္ဍမှ ဆောင်ရွက်လျက်ရှိရာ ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက်အနေဖြင့် နွေစပါးစိုက်ဧက ၅၀ ပေါ်တွင် ဆာဖိုးသာစပါးများကို ပျိုးထောင်ရက်နှင့် ကောက်စိုက်များသတ်မှတ်ကာ ၆ တန်း ၁ တန်းလှပ် (မျိုးစေ့ထုတ်) ကောက်စိုက်စနစ်ဖြင့် စိုက်ပျိုးခဲ့သည်။ အဆိုပါ ဆာဖိုးသာစပါးများ စိုက်ပျိုးရာတွင် CP၊ ယူရီးယား၊ စိမ်းစိုနှင့် ပိုတက် စသည့် သွင်းအားစုမြေဩဇာများကို ထည့်သွင်းအသုံးပြုစိုက်ပျိုးထားရှိပြီး လာမည့်ဇူလိုင်လကုန်ပိုင်းတွင် ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကန်ကြီးထောင့်မြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးများထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်စိုက်ပျိုးနိုင်မှုအတွက် ထောက်ပံ့ခြင်းအခမ်းအနား ကျင်းပ

ကန်ကြီးထောင့် မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးများ ထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်စိုက်ပျိုးနိုင်မှုအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ တောင်သူများအား ၂၅ ရာခိုင်နှုန်း ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧရာသီရိသုခခန်းမ၌ ကျင်းပသည်။

### ထောက်ပံ့ပေးအပ်

ဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲနိုင်လွင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးများထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်စိုက်ပျိုးနိုင်မှုအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၅ ရာခိုင်နှုန်းအား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာတောင်သူများက လက်ခံရယူခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲနိုင်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်စိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)



# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဖော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# လေပြင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၂**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိ စူဠာကောင်းမှုတော်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကိုတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင် ကုမ္ပဏီများကပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အိမ်တော်ရာ ကျောက်စေတီ အောင်မြေလောကစေတီတော်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိက အဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင် ကုမ္ပဏီများက ပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀) ပြည့်အားကစားကွင်းတွင် ကျင်းပပြုလုပ်သော ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းဈေးရောင်းပွဲတော် အခမ်းအနားကို တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆောက်လုပ်ရေးပစ္စည်းများနှင့် အိမ်သုံးဆောင်ပစ္စည်းများကို လိုက်လံကြည့်ရှုအားပေး၍ တန်ဖိုးသင့်နေအိမ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအိမ်အဆောင်အအုံအား စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နမူနာပုံစံ ဆောက်လုပ်ထားရှိမှုကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် ရွှေမင်းဝံရပ်ကွက်ရှိ စစ်ကိုင်းပညာရေး တက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး၊ စည်းကမ်း စနစ်တကျရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေး၊ ကျောင်းအုတ်တံတိုင်းများ ပြိုကျပျက်စီးမှုအခြေအနေများ၊ ကျောင်းဆောင် ပြိုကျပျက်စီးနေမှုအခြေအနေများနှင့် ယာယီကျောင်းဆောင် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောင်း အုတ်တံတိုင်းအား တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ မဟိယင်္ဂဏစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်၌ ဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်ရှိ အုတ်တံတားနှင့် အနန္တမေတ္တာချောင် သီလရှင်ကျောင်းတိုက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေမှုများကို စက်ယန္တရားကြီးများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း လုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ထုံးဘိုရပ်ကွက်ရှိ ရှင်ပင်နံ့ကိုင်းစေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကိုတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်း၌ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေး စခန်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ထုံးဘိုရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် ကျောင်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ ရန်နိုင်ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများနှင့် ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသာယာ လှပရေးတို့ကို ကျောင်း တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ယာယီကျောင်းဆောင် ဆောက်လုပ်မည့်နေရာတွင် မြေလုပ်ငန်းများ တူးဖော်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများ စုပေါင်း၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီး ပြိုကျပျက်စီးသွားသော အုတ်တံတိုင်းနေရာတွင် သွပ်ပြားများဖြင့် ယာယီခြံစည်းရိုး ဆောက်လုပ်ပေးနေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် စခန်းသွင်း လေ့ကျင့်သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကား ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အိုးတော်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အပျက်အစီးများအား ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများ စုပေါင်း၍ ဖယ်ရှား ရှင်းလင်းနေမှုများကိုလည်းကောင်း၊ စာသင်ဆောင်များတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူ ကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့ အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား ကျောင်းအပ်နှံစဉ် ကျောင်းသား ကျောင်းသူများအား ပေးအပ်မည့် စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံ အစရှိသည့်ပစ္စည်းများအား စနစ်တကျထားသို သိမ်းဆည်းရန်နှင့် ကျောင်းတွင်း ယာယီနေထိုင်သည့် ဆရာ ဆရာမများအတွက် ရေ/မီး အခက်အခဲမရှိစေရေး စီစဉ်ဆောင်ရွက်ပေးရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နဂါးရုံဆုတောင်းပြည့်မြတ်စွာဘုရား၊ မဟာဝိဇယယံသီ ပုထိုးတော်ကြီး မြတ်စွာဘုရားနေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း အဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းကာ ဘုရားစေတီပုထိုး အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ် ရှာဖွေတွေ့ရှိရသော တန်ဖိုးရှိ ရတနာဌာပနာပစ္စည်းများအား ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ရေး ဆောင်ရွက်စဉ် ကာလအတွင်း ဘဏ်များတွင် အပ်နှံထားရှိရန်နှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်အောင်ပြင်ရပ်ကွက်ရှိ ရွှေလူမင်္ဂလာခန်းမ၌ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် လုံးဝပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ငလျင်ဘေးဒဏ်သင့် ပြည်သူများအား နိုင်ငံတော်မှ အင်တိုက်အားတိုက် လိုအပ်သလို ကူညီစောင့်ရှောက်ပေးနေသည့်အတွက် အားမငယ်ဘဲ ခိုင်မာသော စိတ်ဓာတ်ဖြင့် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့ပြီး ငလျင်ဒဏ်သင့် ပြည်သူများအတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ပစ္စည်း ၁၆ မျိုး ပါဝင်သော ထောက်ပံ့ပစ္စည်းအိတ်များကို ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ပြည်သူများအား အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသည့် ပညာရှင်များနှင့်တိုင်ပင်၍ ငလျင်ဒဏ်အင်အား ရစ်(ခ်ျ)တာ စကေးအဆင့်(၈)အထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ စက်ရုံထုတ် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက် ရှိကြောင်း၊ သီးခြားလိုအပ်ချက်များ၊ အခက်အခဲများကိုလည်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများသို့ သတင်းပို့ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာအုပ်စုရှိ SANNSHINN & BROTHER Co.,Ltd (TARGET ဖိုက်ဘာဘိလပ်မြေပြား ထုတ်လုပ်ရေးလုပ်ငန်း) စက်ရုံသို့ သွားရောက်ကြည့်ရှုရာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေအနေများနှင့် စက်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နေမှု အခြေအနေတို့အား စက်ရုံတာဝန်ရှိသူက ရှင်းလင်းတင်ပြခဲ့ပြီး စက်ရုံအတွင်း TARGET အမှတ်တံဆိပ်ပါ ဖိုက်ဘာ ဘိလပ်မြေပြားများ ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ၎င်းဖိုက်ဘာဘိလပ်မြေပြားများသည် နိုင်ငံခြားသွင်းကုန်အစားထိုး ဆောင်ရွက်နိုင်သည့် အရည်အသွေးမီကုန်ပစ္စည်းများ ဖြစ်သဖြင့်

**စာမျက်နှာ ၁၁ သို့** ☆

# ၂၀၂၅ ခုနှစ် ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ စခန်းပေါင်းစုံပြိုင်ပွဲများပြုလုပ်၊ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းများမှ ထူးချွန်ဆုရသင်တန်းသားများ လေယာဉ်/ရဟတ်ယာဉ်များလိုက်ပါပျံသန်း

နေပြည်တော် မေ ၁၂

တပ်မတော်(ရေ)က ၂၀၂၅ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် ရန်ကုန်မြို့ရှိ တပ်မတော်(ရေ) လေ့လေ့ာ်ရွက်တိုက်အသင်း (အင်းလျားကန်)၌ စခန်းပေါင်းစုံရေတပ်သား အချက်ပြဆက်သွယ်ရေးဆိုင်ရာ ပြိုင်ပွဲများနှင့် လေ့လေ့ာ်ရွက်တိုက်ပြိုင်ပွဲများကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် (ရေ)မှ အရာရှိကြီးများ၊ သင်တန်းသား သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းအုပ်ချုပ်သူများက တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် သင်တန်းအလိုက် လက်ရိုက်အလံအချက်ပြပို့/ ဖမ်းခြင်းလက်တွေ့ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ လေးယောက်လှော်လှေဝမ်းပြား မီတာ(၅၀၀) ပြိုင်ပွဲနှင့် Optimist ရွက်လှေပြိုင်ပွဲတို့ကို နေပြည်တော် စခန်းတန်းခွဲ(၁)၊ နေပြည်တော်စခန်းတန်းခွဲ(၂)၊ အင်းယားစခန်း၊ ကိုကိုးကျွန်းစခန်း၊ ဟိုင်းကြီးကျွန်းစခန်း၊ မော်လမြိုင်စခန်း၊ ဟိန်းဇဲစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ ဘားအံစခန်းနှင့် ကျိုင်းတုံစခန်း စသည့် ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခုတို့မှ သင်တန်းသား သင်တန်းသူများက အသင်းလိုက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြပြီး သင်တန်းသား သင်တန်းသူများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။





အဆိုပါ ရေကြောင်းလူငယ်အခြေခံ/တန်းမြင့် သင်တန်း အမှတ်စဉ်(၁/၂၀၂၅)ကို သင်တန်းစခန်း ၁၁ ခုတွင် သင်တန်းသား သင်တန်းသူ ၈၀၀ ဖြင့် ဧပြီ ၂၂ ရက်မှစတင်၍ ဖွင့်လှစ် သင်ကြားပေးခဲ့သည်။

အလားတူ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းများမှ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် လေယာဉ်/ရဟတ်ယာဉ်များ လိုက်ပါပျံသန်းရန်၊ ပြိုင်ပွဲများကျင်းပရန်၊ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ရန်၊ စုပေါင်းသင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပပြုလုပ်ရန်နှင့် တပ်မတော်အကြီးအကဲ၏ ဩဝါဒခံယူရန်အတွက် မေ ၁၁ ရက်တွင် နေပြည်တော် ကောင်စီနယ်မြေသို့ ရောက်ရှိကြသည်။

အဆိုပါ သင်တန်းသားများအနက် သင်တန်းစခန်းအလိုက်မှ ထူးချွန်ဆုရ သင်တန်းသားများသည် ယနေ့တွင် နေပြည်တော်လေတပ်စခန်း၌ လေယာဉ်/ရဟတ်ယာဉ်များ လိုက်ပါမပျံသန်းမီ အထွေထွေကျန်းမာရေးစစ်ဆေးခြင်းနှင့် ကြိုတင်လေ့ကျင့်သင်ကြားဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြလေသူရဲများနှင့်အတူ အမောင်းသင်လေယာဉ်/ ရဟတ်ယာဉ်များကို လက်တွေ့လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၁၀ မှ

လျှောင်ဘေးဒဏ်သင့် ဒေသများသို့ စက်ရုံမှထွက်ရှိလာသည့် ဖိုက်ဘာဘိလပ်မြေပြားများအား ဦးစားပေးစနစ်ဖြင့် ရောင်းချပေးနိုင်ရေး၊ ထုတ်လုပ်မှု အရည်အသွေးမကျဆင်းစေရေး၊ ဖိုက်ဘာဘိလပ်မြေပြားများ မူလကထက် ပိုမိုတိုးမြှင့် ထုတ်လုပ်နိုင်ရေးနှင့် စက်ရုံအတွင်း/ပြင် မီးဘေးလုံခြုံမှုစနစ်တကျ ရှိစေရေးတို့ကို မှာကြားခဲ့ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ပျက်စီးသွားသောဘုရားစေတီများ၊ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင် တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် စေတနာရှင်၊ အလှူရှင်များ၏ လက်ဝယ်သို့ နဝမမြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သံဃာတော်များ၊ မြို့မိမြို့ဖများကို အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် တိုင်ပင်၍ ငလျင်ဒဏ် အင်အား ရစ်(ချ်)တာစကေး အဆင့်(၈)အထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း လျှောက်ထားမှာကြားခဲ့ကာ မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေအိမ်အဆောက်အအုံကို စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆောက်အအုံများကို ရှင်းလင်းဆောင်ရွက်ရာတွင် ဘေးပတ်ဝန်းကျင်ရှိအဆောက်အအုံများ ထိခိုက်ဆုံးရှုံးမှုမရှိစေဘဲ စနစ်တကျ ရှင်းလင်း ဆောင်ရွက်နိုင်ရေးနှင့် လျှပ်စစ်မီးကြိုးများကို စနစ်တကျ ကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေးတို့ကို စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးခဲ့ကာ လုပ်ငန်းခွင်အန္တရာယ် ထိခိုက်မှု မရှိစေရန်နှင့် အပျက်အစီးများကို အမြန်ရှင်းလင်း ဆောင်ရွက်နိုင်ရေး မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများကို SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အချိန်အထိ အဆောက်အအုံ ၆၉၄၇ လုံးကို စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင် နေထိုင်နိုင်မည့် အဆောက်အအုံ ၆၆၁၁ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၃၃၆ လုံးမှ အဆောက်အအုံ ၃၂၁ လုံးကို ရှင်းလင်း ဆောင်ရွက်နိုင်ခဲ့သည်။ ဆောင်ရွက်ရန် အဆောက်အအုံ ၁၅ လုံးကျန်ရှိပြီး ကျန်ရှိနေသည့် အဆောက်အအုံ ၁၅ လုံး အနက် ဘာသာရေးဆိုင်ရာ အဆောက်အအုံသုံးလုံးသည် သက်ဆိုင်ရာအဖွဲ့အစည်းများ အစီအစဉ်ဖြင့် ဖျက်သိမ်းလျက် ရှိကြောင်းနှင့် ဌာနဆိုင်ရာ အဆောက်အအုံ ၁၂ လုံးသည် သက်ဆိုင်ရာဝန်ကြီးဌာန အစီအစဉ်ဖြင့် စစ်ဆေးမှုခံယူနိုင်ရေး တင်ပြထားကြောင်း သိရသည်။

ယင်းနောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ ဝင်းအတွင်းရှိ ဝန်ထမ်းလိုင်းခန်းများ အခြေအနေနှင့် ဝန်ထမ်းများအတွက် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသော သုံးခန်းတွဲယာယီလိုင်းခန်းများ တည်ဆောက်ပေးမည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သောက်သုံးရေ၊ ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများ လုံခြုံစွာနေထိုင်နိုင်ရေး၊ ဝန်ထမ်းများ စားသောက်မှုအဆင်ပြေစေရေးအတွက် ရေသန့်များ ဆောင်ရွက်ပေးသွားရန်နှင့် သား/ငါး၊ သီးရွက်၊ ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

နေပြည်တော် မေ ၁၂

မေ ၁၂ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၁ **“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မီဒီယာများအား ဖြေကြားချက်”** မှ ကော်လံ ၁ တွင် ဖော်ပြပါရှိသည့် **“နမ့်နင်းလူသတ်မှု”** ဟူသည့် စာသားအစား **“နန်ကျင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု”** ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# လှိုင်ကော်မြို့ ဆုတောင်းပြည့်မြို့နာမ်ရွှေစေတီတော်၌ ဆွမ်းဆန်တော်လောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

လှိုင်ကော် မေ ၁၂

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် လှိုင်ကော်မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆုတောင်းပြည့်မြို့နာမ်ရွှေစေတီတော်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့ မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာရှင်၊ အလှူရှင်ပြည်သူများက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူခဲ့ကြသည်။

**လှူဖွယ်ပစ္စည်းများလောင်းလှူ**

လှူဒါန်းပွဲတွင် ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးဌာနအလိုက်မဏ္ဍပ်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လှိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများမှ စေတနာရှင်ပြည်သူများက ဘုန်းတော်ကြီးကျောင်း ၇၉ ကျောင်းမှ ရဟန်း၊ သာမဏေ ၆၁၉ ပါးနှင့် သီလရှင်ကျောင်းသုံးကျောင်းမှ သီလရှင် ၉၂ ပါး စုစုပေါင်း ၇၁၁ ပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြသည်။ ဆွမ်းဆန်တော် လောင်းလှူပွဲသို့ ကြွရောက်ကြသည့် ဆရာတော်၊ သံဃာတော်များအား အအေးကပ်လှူခဲ့ပြီး ဧည့်ပရိသတ်များအား စတုဒိသာများ ကုသိုလ်ပြု ကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယခု ဆွမ်းဆန်တော်လောင်းလှူပွဲတွင် လှူဒါန်းမှု စုစုပေါင်းတန်ဖိုးငွေကျပ် ၈၃၁ သိန်းကျော်ဖြစ်ပြီး ကဆုန်လပြည့် ဗုဒ္ဓနေ့၌ လှိုင်ကော်မြို့ ဒေါတမရပ်ကွက်ရှိ တောင်တန်းသာသနာပြုတပ်ဦးကျောင်း၌ နိဗ္ဗာန်ဈေးပွဲတော် ကျင်းပခြင်း၊ ဘုရားစေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများတွင်လည်း ဘုရားဖူးလာရောက်သူများ၊ ကုသိုလ်ပြု ဥပုသ်သီလ ဆောက်တည်ကြသူများဖြင့် စည်ကားများပြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ပဲခူးမြို့ ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပ

ပဲခူး မေ ၁၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ပဲခူးမြို့ ဆုတောင်းပြည့် ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး အရှေ့ဘက်မုခ် မဟာဗောဓိညောင်ပင်၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာ အခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက် ကြည်ညိုကြသည်။



**လက်ယာရစ်လှည့်လည်ပူဇော်**

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ပြည်သူများက ရွှေမော်ဓော စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက "ဒုက္ခပတ္တာစ နိဒ္ဒုက္ခာ" ဂါထာတော်ကို သုံးခေါက်ရွတ်ဆို မေတ္တာပို့သပြီး မဟာဗောဓိ ညောင်ပင်အား ညောင်ရေတော်များ သွန်းလောင်းပူဇော်ခြင်း၊ အမျိုးသမီး ယောဂီများက "ကိုယ်စိတ် နှစ်ဝချမ်းသာကြစေ" အစရှိသည့် မေတ္တာပို့လင်္ကာများ ရွတ်ဆို မေတ္တာပို့သကြပြီး ညောင်ရေတော်များ သွန်းလောင်း ပူဇော်၍ ရွှေမော်ဓောစေတီတော် မြတ်ကြီး (၇၄)ကြိမ်မြောက် ကဆုန် ညောင်ရေသွန်းလောင်း လှူပူဇော်ပွဲ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြ ကြောင်း သိရသည်။

**စည်ကားသိုက်မြိုက်စွာကျင်းပ**

ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ပဲခူးမြို့ရှိ ကျိုက်ပညာယျစေတီတော်မြတ်ကြီး၊ မဟာစေတီတော်မြတ်ကြီး၊ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဂါယာစေတီတော်မြတ်ကြီး၊ ကျိုက်ပွန်လေးမျက်နှာ စေတီတော်မြတ်ကြီး၊ ဟသ်ာကုန်း စေတီတော်မြတ်ကြီးစသည့် ဘုရား၊ ပုထိုး၊ စေတီတော်များတွင် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများက ကဆုန် ညောင်ရေသွန်းလောင်းလှူပူဇော်ပွဲများ၊ စတုဒိသာကျွေးမွေး လှူဒါန်းခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဝါးခယ်မမြို့နယ်၌ ကဆုန်လပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ညောင်ရေသွန်းပွဲကျင်းပ

ဝါးခယ်မ မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ညောင်ရေသွန်းပွဲကို သကျမဟာသီရိဘုရားကြီးဝင်းအတွင်း၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြုလုပ်သည်။

ဆွမ်းဆန်စိမ်းလောင်လှူပွဲတွင် ဘုရားအမှူးပြုသော ပင့်သံဃာ ၆၄ ပါးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များက ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

လွမ်းသီဟ(ပြန်/ဆက်)





ပဲခူးတိုင်းဒေသကြီးYMBAအသင်းကကြီးမှူး၍ ကဆုန်လပြည့်နေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ မဟာစေတီတော်မြတ်ကြီး၌ ကဆုန် ညောင်ရေသွန်းပွဲအခမ်းအနား ကျင်းပစဉ်။ တင်စိုး(ပဲခူး)

# ပေါင်မြို့နယ်၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်သူများ၊ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိ

ပေါင် မေ ၁၂

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မေ ၁၁ ရက်တွင် ညောင်ရေသွန်းလောင်းသူများနှင့် ဘုရားဖူးမြော်သူများဖြင့် စည်ကားလျက်ရှိသည်။

ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ နေ့ထူးနေ့မြတ်ဖြစ်သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ ဘုရားဖူးခြင်း၊ ဝတ်ပြုခြင်းနှင့် ကုသိုလ်ကောင်းမှု အလှူဒါနများပြုလုပ်ဆောင်ရွက်ကြရာ ပေါင်မြို့နယ်၌ ဘုရားဖူးလာပြည်သူများ လွယ်ကူစွာ ညောင်ရေသွန်းလောင်းပူဇော်နိုင်ရန် စီစဉ်ပေးထားသည့်အပြင် ဘုရားကျောင်းကန် စေတီပုထိုးများ၌ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်သူများ၊ ဘုရားဝတ်ပြုသူများနှင့် ကဆုန် ညောင်ရေသွန်းလောင်း ပူဇော်သူများ၊ အလှူဒါနစတုဒိသာကျွေးမွေး လှူဒါန်းသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းဖြေ၏

# အီရန်နှင့် အမေရိကန်အကြား နျူကလီးယားအရေးဆွေးနွေးပွဲတွင် သဘောထားကွဲလွဲမှုများရှိခဲ့





**တီဟီရန် မေ ၁၂**

အီရန်နှင့် အမေရိကန်အကြားယမန်နေ့က အိုမန်နိုင်ငံတွင်ကျင်းပခဲ့သည့် နျူကလီးယားအရေး စေ့စပ်ညှိနှိုင်းဆွေးနွေးပွဲတွင် အီရန်၏ ယူရေနီယံသတ္တုသန့်စင်ရေးလုပ်ငန်းများအပေါ်တွင် သဘောထားကွဲလွဲမှုများရှိခဲ့သော်လည်း ထပ်မံဆွေးနွေးရန် သဘောတူခဲ့ကြောင်း သိရသည်။

ယူရေနီယံသည် နျူကလီးယားစွမ်းအင်ထုတ်လုပ်ရာတွင်အသုံးပြုသည့် သတ္တုဖြစ်သည်။

၎င်းဆွေးနွေးပွဲတွင် အမေရိကန်ကိုယ်စားလှယ်အဖွဲ့အား အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် စတိဗ်ဝစ်ကော့က ဦးဆောင်ပြီး အီရန်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီး အေဗတ်အေရာချီက ဦးဆောင်သည်။

**ထပ်မံဆွေးနွေးမည်**

အမေရိကန်ဘက်မှ အီရန်၏ နျူကလီးယားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကန့်သတ်ရန်တောင်းဆိုခဲ့ပြီး အီရန်ကလည်း ၎င်း၏နျူကလီးယားဖွံ့ဖြိုးရေးလုပ်ငန်းများသည် နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာအသုံးပြုရန် ရည်ရွယ်ကြောင်းနှင့် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားပေးရေးတောင်းဆိုခဲ့သည်။ ဆွေးနွေးပွဲအတွင်း အကြောင်းအရာအများအပြားအား အသေးစိတ်ဆွေးနွေးခဲ့ကြောင်းနှင့် လာမည့်သီတင်းပတ်အတွင်းထပ်မံဆွေးနွေးမည်ဟု သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**

# အိန္ဒိယနှင့် ပါကစ္စတန်တို့အကြားရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေးကို ထိန်းသိမ်းရန်လိုအပ်ဟု တရုတ်ပြောကြား




**ပေကျင်း မေ ၁၂**

အိန္ဒိယနှင့် ပါကစ္စတန်တို့အကြားရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေးကို တရုတ်နိုင်ငံက ကြိုဆိုကြောင်းနှင့် နှစ်နိုင်ငံအကြား မတူကွဲပြားမှုများကိုစေ့စပ်ညှိနှိုင်းဆွေးနွေးသည့် နည်းလမ်းဖြင့် အဖြေရှာရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လင်ဂျန်းက မေ ၁၂ ရက်တွင် ပြောကြားသည်။

နှစ်နိုင်ငံအကြားရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေးကို ထိန်းသိမ်းရန်လိုအပ်ကြောင်း ၎င်းကပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံစလုံးအတွက် ရေရှည်တွင် အကျိုးကျေးဇူးဖြစ်စေမည်ဖြစ်ကာ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အကူအညီပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံတို့သည် အိမ်နီးချင်းများဖြစ်သကဲ့သို့ တရုတ်နိုင်ငံနှင့်လည်း နှစ်နိုင်ငံစလုံးမှာ အိမ်နီးချင်းများဖြစ်သဖြင့် ယခုလက်နက်ကိုင်ပဋိပက္ခ စတင်ဖြစ်ပွားချိန်မှစတင်၍ ၎င်းနှစ်နိုင်ငံအား တင်းမာမှုများကိုလျှော့ချပြီး တည်ငြိမ်စွာဖြင့်ဖြေရှင်းရန် တရုတ်နိုင်ငံက တောင်းဆိုခဲ့ကြောင်း ၎င်းကပြောကြားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် မေ ၁၀ ရက်က ပါကစ္စတန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်အစဟတ်ဒါးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးအကြံပေး အဂျစ်ဒိုဗာတို့အား ဖုန်းဖြင့်ဆက်သွယ်ခဲ့ပြီး တင်းမာမှုများလျှော့ချရန်နှင့် ပြီးပြည့်စုံပြီး ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေး ရရှိရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

လက်ရှိရရှိထားသည့် အပစ်အခတ်ရပ်စဲရေး တည်တံ့စေရေး၊ လက်နက်ကိုင်ပဋိပက္ခများ ထပ်မံမဖြစ်ပွားရေးနှင့် မတူကွဲပြားမှုများကို စေ့စပ်ညှိနှိုင်းဆွေးနွေးသည့်နည်းလမ်းဖြင့် အဖြေရှာရေး အပါအဝင် ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန် တရုတ်နိုင်ငံက မျှော်လင့်ကြောင်း လင်ဂျန်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# တရုတ်နိုင်ငံတွင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းအား အဆင့်မြှင့်တင်သင်ကြားမည်

**ပေကျင်း မေ ၁၂**

တရုတ်နိုင်ငံသည် နိုင်ငံအတွင်းရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသားများအတွက် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အခြေခံအချက်များမှစတင်၍ လက်တွေ့အသုံးချနိုင်သည့် နည်းပညာများအထိ အခြေခံပညာ သင်ရိုးညွှန်းတမ်းများတွင် အဆင့်မြှင့်တင်၍ သင်ကြားပေးသွားမည်ဟု သိရသည်။

ထိုသို့သင်ကြားရာ၌ မူလတန်းအဆင့်တွင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အခြေခံများဖြစ်သည့် အသံနှင့် ရုပ်ပုံများအား ဉာဏ်ရည်တုနည်းပညာအသုံးပြု၍ မှတ်သားခြင်းသင်ခန်းစာကိုသင်ကြားမည်ဖြစ်သည်။ အလယ်တန်းအဆင့်သင်ရိုးညွှန်းတမ်းတွင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ သဘောတရားများအား နားလည်သဘောပေါက်စေရေး အတွက် သင်ကြားခြင်းနှင့် ဉာဏ်ရည်တုနည်းပညာအသုံးပြု၍ သတင်းတု၊ သတင်းမှားများအား ခွဲခြားဖော်ထုတ်ခြင်းကို သင်ကြားပေးမည်ဖြစ်ကာ အထက်တန်းအဆင့်တွင် ဉာဏ်ရည်တုနည်းပညာ မော်ဒယ်သစ်များ ဖန်တီးခြင်းကို သင်ကြားပေးမည်ဖြစ်သည်။



ကျောင်းသား ကျောင်းသူများအား ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အကြောင်းအရာများကို သင်ကြားနိုင်ရန်အတွက် ဆရာများကိုလည်း ဉာဏ်ရည်တုနည်းပညာ အသုံးချသင်ကြားခြင်းဆိုင်ရာ သင်တန်းများကိုပေးမည်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ သင်ကြားပေးခြင်းဖြင့် ကျောင်းသားများတွင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အသိပညာများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

သို့ရာတွင် ကျောင်းသားများအား စာမေးပွဲတွင် ဉာဏ်ရည်တုနည်းပညာအသုံးချ၍ ကူးယူဖြေဆိုခြင်းကို တားမြစ်မည်ဟု ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# တရုတ်နိုင်ငံမှ သူနာပြု ခုနစ်ဦး ဖလော့ရင့်စ်နိုက်တင်ဂေးဆုတံဆိပ် ချီးမြှင့်ခြင်းခံရ

**ပေကျင်း မေ ၁၂**

တရုတ်နိုင်ငံမှ သူနာပြု ခုနစ်ဦးသည် နိုင်ငံတကာ သူနာပြုလုပ်ငန်းတွင် အမြင့်ဆုံးဂုဏ်ထူးဆောင်ဆုဖြစ်သည့် ဖလော့ရင့်စ်နိုက်တင်ဂေးဆုတံဆိပ် ချီးမြှင့်ခြင်းခံရကြောင်း ယနေ့ဆင်ဟွာသတင်းအရသိရသည်။

၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် လူနာပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်မှုကြောင့် ယခုဆုတံဆိပ်ကို ချီးမြှင့်ခံရခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ဖြစ်သည့် မေ ၁၂ ရက်တွင် ယခုကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်၏ ဖလော့ရင့်စ်နိုက်တင်ဂေးဆုအား နိုင်ငံ ၁၇ နိုင်ငံမှ သူနာပြု ၃၅ ဦးကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ် တရုတ်နိုင်ငံမှ ဖလော့ရင့်စ်နိုက်တင်ဂေးဆုရရှိသူများတွင် တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ အေအိုင်ဒီအက်စ်ရောဂါကုသရေးစင်တာမှ သူနာပြုတစ်ဦး၊ တရုတ်နိုင်ငံ ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြက်ခြေနီအသင်းမှ စေတနာ့ဝန်ထမ်း တစ်ဦးနှင့် တရုတ်တပ်မတော် ဆေးရုံအရေးပေါ်ဌာနမှ သူနာပြု တစ်ဦးတို့ပါဝင်ကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ပြောကြားသည်။

ဖလော့ရင့်စ်နိုက်တင်ဂေးဆုသည် နိုင်ငံတကာမှ သူနာပြုများကို ချီးမြှင့်သည့်ဆုဖြစ်ကာ တရုတ်နိုင်ငံမှသူနာပြု ၉၇ ဦးသည်ယင်းဆုတံဆိပ်ရရှိခဲ့ကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပ

**မနီလာ မေ ၁၂**

ဖိလစ်ပိုင်နိုင်ငံတွင် မေ ၁၂ ရက်က ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဖိလစ်ပိုင်နိုင်ငံသားများသည် မဲရုံများသို့ သွားရောက်မဲပေးခဲ့ကြကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

လက်ရှိသမ္မတဂျူနီယာ မားကို့စ်နှင့် ဒုတိယသမ္မတ ဆာရာ ဒူတာတေးတို့သည် ၎င်းတို့၏ ကိုယ်စားလှယ်လောင်းများအတွက် အပြင်းအထန်မဲဆွယ်စည်းရုံးလျက်ရှိသည်။ ဒေသစံတော်ချိန် နံနက် ၅ နာရီတွင်စတင်ခဲ့သည့် မဲပေးမှုတွင် ဖိလစ်ပိုင်အလယ်ပိုင်း Negros Occidental ပြည်နယ် မဲရုံအနီး၌ ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အနည်းဆုံး နှစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲများတွင် ဖိလစ်ပိုင်နိုင်ငံသား ၆၈ သန်းခန့် မဲပေးခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က ပြောသည်။ ရွေးကောက်ပွဲတွင် အထက်လွှတ်တော်အမတ် ၁၂ ဦး၊ အောက်လွှတ်တော်အမတ် ၃၀၀ ကျော်နှင့် အုပ်ချုပ်ရေးမှူးများ၊ မြို့တော်ဝန်များနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများကိုလည်း ရွေးကောက်တင်မြှောက်မည်ဖြစ်သည်။

ယခုကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့အား မေ ၃ ရက်ကတည်းက တပ်လှန့်ထားပြီး ဖိလစ်ပိုင်တပ်မတော်နှင့် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့များကိုလည်း မဲရုံများနှင့် စစ်ဆေးရေးဂိတ်များတွင် တပ်စွဲထားသည်။ ယခုနှစ်ရွေးကောက်ပွဲနှင့် ဆက်စပ်သည့် ဖြစ်ရပ်များတွင် အနည်းဆုံး ၁၃ ဦး သေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ကိုကိုးကား၍ သည်ဖိလစ်ပင်းစတားသတင်းစာက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၉ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၃၉၄ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၁၉၈၈၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် အသင်္ချာစောယွန်းအဝိုင်းအနီး၌ လိုင်စင်မဲ့ယာဉ်သုံးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထန်းတပင်မြို့နယ်နှင့် အင်းစိန်မြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Charm Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

မေ ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၆၀၉ တန်၊ သစ်မာသုည ဒသမ ၉၃၆ တန်၊ အခြားသစ် ၁ ဒသမ ၀၀၀ တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၇၁၂၆) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၉ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၃၅၇၀၁၀) ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၁၂

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီ ကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် သံမဏိစက်ရုံ (အနောက်) အနီးစခန်းနေ မခင်မိုးမိုးလွင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ဗထူးတိုက်ခန်း၊ တိုက်အမှတ် DD-5 ခုနစ်လွှာနေ မခွန်းဆက်ဝေတို့က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အိုင်သုံးဆင့်ရွာနေ မ---၊ ၂၂/၂၀ (၂၄)နှစ်အား တရုတ်ဇနီးအဖြစ် လုပ်ကိုင်ရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ်(၈) မြို့မရဲစခန်း (ပ) ၁၆၁/ ၂၀၂၄၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်သည်။

မဟာအောင်မြေခရိုင် တရားရုံးမှ မေ ၁၈ ရက်တွင် တရားခံ မခင်မိုးမိုးလွင် (ခ) မမိုးနှင့် မခွန်းဆက်ဝေတို့ နှစ်ဦးအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် (၁၅) နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Phyu 786 hnin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ (အရှေ့) ရပ်ကွက်နေ ဖြူဖြူနှင်းအား နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ချမ်းအေးသာစံ မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၅-၂၀၂၅ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တာသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ရှမဝတဲ့မြို့အလှ
- ၀၉:၁၀ ထူးခြားစုံလင် အာရှပစိဖိတ် အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၃၅ အဝိုးအငွေ့တွေကြားမိန်းမောပနေကြဖို့
- ၁၁:၃၅ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၆)
- ၁၃:၃၀ MRTV National News
- ၁၄:၅၀ မျိုးဗုဇ်တင့်စေဆိုကရေးတီးအငွေ
- ၁၅:၃၀ Weekly MNL Review
- ၁၆:၄၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၁၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၇:၄၀ ကျန်းမာသောဘဝနှင့်လှပသောအနာဂတ်
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ ဆုတောင်းမေတ္တာတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်တားမွဲ' (အပိုင်း-၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ ဆုတောင်းမေတ္တာတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လှုစွမ်းကောင်းများခေတ်' (အပိုင်း-၁၉)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Myanma Panorama and Myanma Sentiment
- 07:07 Digital Directory on Shwedagon Pagoda
- 07:21 Karunar Kabar Home for the Aged (Nay Pyi Taw)
- 07:42 Kyaw Min Thu (Winner) Lose2Win With Andy
- 08:33 Moe Ma Kha Elephant Camp
- 09:17 Myanmar Avocado In The Global Market
- 09:44 Late Masters' Art Exhibition
- 09:54 Myanmar Traditional Snacks: Shwe Hta Min

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၅ တိုင်းရင်းသားတေးသီချင်း၊အက(ကရင်)
- ၀၆:၅၀ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ 'အငေ့တန်ဖိုး' (အပိုင်း-၁)
- ၀၇:၄၅ စတီရီယိုတေးများ
- ၀၈:၀၅ K POP Music Gallery (အပိုင်း-၁၆)
- ၀၈:၂၀ ဟိုတုန်းကရေဒီယိုဇာတ်လမ်းများ 'မှုိင်ငွေတ္တာ'
- ၀၉:၂၀ ကာတွန်း 'ဗိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း' (အပိုင်း-၁)
- ၁၀:၀၀ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) 'မငအားဖွင့်ပြင့်ပြင့်ဝန်းလစ်းသုံးဆယ်'

### MRTV NRC

- ကယား (၀၆:၀၀ မှ ၀၈:၀၀) ကယားရိုးရာဝတ်အူချောင်း
- စကောကရင် (၀၈:၀၀ မှ ၀၉:၀၀) ထူးဆန်းဖွေရှာစလေ့ရှိရာ (တလေဒူးခုန်ခြင်းအကြောင်း)
- အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀) စီးပွားဖြစ်တဲ့ပီလောပိန်
- အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀) ငှက်ပျောသီးမုန့်
- ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀) သစ်သီးအခေါ်အဝေါ်များ (အပိုင်း-၂)
- ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀) လုံယူးပွဲတော်
- မွန် (၁၃:၀၀ မှ ၁၅:၀၀) ကြက်သွန်ဖြူစားခြင်း၏ကျန်းမာရေးအကျိုးကျေးဇူး
- ရခိုင် (၁၅:၀၀ မှ ၁၇:၀၀) ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၁၂)
- ရှမ်း (၁၇:၀၀ မှ ၁၉:၀၀) ဝါးနီးခမောက်ပြုလုပ်နည်း
- ဝ (၁၉:၀၀ မှ ၂၁:၀၀) ငါးပေါင်းပြုလုပ်နည်း
- ကချင် (၂၁:၀၀ မှ ၂၃:၀၀) ဟင်းသီးဟင်းရွက်စိုက်ခင်းဆီသို့ (နောင်တာလောစိုက်ခင်း)

### MRTV News

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV Parliament

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ရုရှားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ'
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၅၈)

### MRTV Farmers' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ မြန်မာချစ်တဲ့မုန့်ဟင်းခါး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၀:၂၀ Agriculture in India
- ၁၀:၄၅ Refreshing Taste of Mushrooms with Red Cap and White Stem
- ၂၀:၀၀ ရင်ထဲကရွှေနန်းကျင်(ဇာတ်လမ်း)
- ၂၂:၀၀ Haunted Mansion (နိုင်ငံခြားဇာတ်လမ်း)

### MRTV Sports HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary (Ronaldo)(Football)
- ၁၇:၀၀ အားကစားသတင်း
- ၂၂:၀၀ FIFA MFF U-19 Youth League (Week-7) (Pacific Sun Far Vs Roayal Noka)

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်

ကဆုန်လပြည့်နေ့ဆိုတာ ဗုဒ္ဓဘာသာကိုးကွယ်တဲ့လူတွေအတွက်တော့ တကယ့်ကို အရေးကြီးတဲ့ နေ့ကြီးတစ်နေ့ပါ။

ဘုရားမဖြစ်ခင် သုမေဓာဆိုတဲ့ ဉာဏ်ပညာကြီးတဲ့ရသေ့ကြီးဟာ ဒီကမ္ဘာမှာ နောင်ပွင့်မယ့် ဂေါတမဘုရားဆိုပြီး ဒီပင်္ကရာဘုရားဆီကနေ ဗျာဒိတ်စကားကို ကဆုန်လပြည့်နေ့မှာ ရခဲ့တာ။

နောက်ပြီးတော့ ဂေါတမဘုရားဖြစ်လာမယ့် သိဒ္ဓတ္ထမင်းသားလေးကိုလည်း ကဆုန်လပြည့်နေ့မှာပဲ မွေးဖွားခဲ့တာ။

အဲဒီကနေ အတော်ကြာတော့ ကဆုန်လပြည့်နေ့ရဲ့ အရုဏ်တက်ချိန်မှာ ဂေါတမဘုရားအလောင်းတော်ဟာ အရာရာကိုသိမြင်တဲ့ ဉာဏ်တော်ကြီးကိုရရှိပြီး ဘုရားဖြစ်သွားခဲ့တယ်။

နောက်ဆုံးအနေနဲ့ နှစ်တွေအများကြီးကြာတော့ ကဆုန်လပြည့်နေ့မှာပဲ ဘုရားရှင်ဟာ မလ္လာမင်းတွေရဲ့ အင်ကြင်းဥယျာဉ်မှာ ပရိနိဗ္ဗာန်စံသွားခဲ့တာ။

ဒီလိုထူးခြားတဲ့ အကြောင်းလေးမျိုးနဲ့ ပြည့်စုံတဲ့အတွက် ဗုဒ္ဓဘာသာဝင်တွေအားလုံးက ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့လို့ သတ်မှတ်ခဲ့ကြတာ။ ဘုရားရှင်က အဲဒီနေ့မှာ ဗောဓိပင်အောက်မှာ တရားအားထုတ်ပြီး အရာရာကိုသိမြင်တဲ့ ဉာဏ်တော်ကိုရခဲ့တာလေ။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေက ဗောဓိပင်ကို ရေလောင်းတာတို့၊ တခြားကောင်းမှုတွေလုပ်တာတို့ လုပ်ကြတာပေါ့။ သူတို့ ရေလောင်းကြတာက ကဆုန်လမှာ ရေရှားတော့ အပင်ညှိုးမှာစိုးလို့ ပြန်ပြီး လန်းလန်းဆန်းဆန်းဖြစ်အောင် လုပ်ပေးတာတဲ့။

အဲဒီလိုလုပ်တဲ့ အလေ့အထကလည်း ဗုဒ္ဓဘာသာဝင်တွေကြားမှာ အခုထိ မပျောက်သေးဘူး။ နှစ်တိုင်း ကဆုန်လပြည့်နေ့ရောက်တိုင်း ညောင်ရေသွန်းပွဲတွေ လုပ်နေကြတုန်းပဲ။

ဗျာဒိတ်ရခဲ့တဲ့နေ့၊ မွေးဖွားခဲ့တဲ့နေ့၊ ဘုရားဖြစ်ခဲ့တဲ့နေ့နဲ့ ပရိနိဗ္ဗာန်စံခဲ့တဲ့နေ့ဆိုတဲ့ ဒီလေးမျိုးကို မှတ်ထားရင် ကဆုန်လပြည့်နေ့ဟာ ဗုဒ္ဓဘာသာဝင်တွေအတွက် တကယ်ကို အရေးကြီးတဲ့နေ့တစ်နေ့ဆိုတာ သိနိုင်တယ်နော်။

ကဆုန်လကို တခြားစကားတွေဖြစ်တဲ့ သက္ကတ၊ ပါဠိ၊ ဟိန္ဒီလိုတွေမှာတော့ "ဝိသာခါ" လို့ ခေါ်ကြတယ်။ အဲဒါက ဝိသာခါနက္ခတ်နဲ့ တူတူကျတဲ့လမို့လို့တဲ့။ သီဟိုဠ် (သီရိလင်္ကာ) ဘာသာမှာကျတော့ အသံထွက်က "Vesak" လို့ဖြစ်နေတော့ အနောက်နိုင်ငံက လူတွေက ကဆုန်လပြည့်နေ့ကို "Vesak Day" လို့ အဲဒီအသံထွက်အတိုင်း ခေါ်ကြတယ်။

About Vesak Day:

- Important day for Buddha's followers.
- Accepted a great prediction of Dipan kara Buddha to become the Gotama Buddha in the Badda world.
- Prince Siddhartha (later Buddha) was born on Vesak Day.
- Gautama became Buddha (very wise) on Vesak Day morning.
- Buddha passed away on Vesak Day in a garden of King Malla.
- Called "Buddha's Day" because of these four events.
- Buddha got wisdom under a Bodhi tree on this day.
- People pour water on Bodhi trees on Vesak Day.
- They do this because it's a dry month, and they want the tree to stay green.
- Water pouring happens every year on Vesak Day.
- Remembering these four events makes Vesak Day important for Buddhists.

WRITING AS A PARAGRAPH:

On this special day, Buddhists often engage in meaningful traditions. Recalling that Buddha achieved enlightenment while meditating under a Bodhi tree, they participate in ceremonies such as pouring water on Bodhi trees. This practice is particularly relevant as Vesak typically falls during a dry month, and the act of watering symbolizes reverence and a desire to keep the tree vibrant. Remembering the prophecy, birth, enlightenment, and passing of Buddha makes Vesak Day a deeply important occasion for Buddhists every year.

| English Word/Phrase | Myanmar Translation |
|---|---|
| Vesak Day | ကဆုန်လပြည့် ဗုဒ္ဓနေ့ |
| Important day | အရေးကြီးတဲ့နေ့ |
| Buddha's followers | ဘုရားတပည့်တွေ၊ ဗုဒ္ဓဘာသာဝင်တွေ |
| Wise man | ဉာဏ်ပညာကြီးတဲ့ သူ၊ သူတော်ကောင်း |
| Accepted a great prediction | ဗျာဒိတ်ရခဲ့တယ် |
| Next Buddha | နောက်ဘုရား |
| Prince Siddhartha | မင်းသားသိဒ္ဓတ္ထ |
| Was born | မွေးဖွားခဲ့တယ် |
| Became Buddha | ဘုရားဖြစ်သွားတယ် |
| Very wise | ဉာဏ်ပညာ အလွန်ကြီးတဲ့ |
| Passed away | ပရိနိဗ္ဗာန်စံသွားတယ် |
| In a garden | ဥယျာဉ်ထဲမှာ |
| Because of these four events | ဒီအကြောင်း လေးခုကြောင့် |
| Got wisdom | ဉာဏ်ပညာရခဲ့တယ် |
| Under a Bodhi tree | ဗောဓိညောင်ပင် အောက်မှာ |
| People pour water | လူတွေက ရေလောင်းကြတယ် |
| Bodhi trees | ဗောဓိညောင်ပင်တွေ |
| Because it's a dry month | ဘာလို့လဲဆိုတော့ ရေရှားတဲ့လလေ |
| Want the tree to stay green | အပင်ကိုစိမ်းလန်းနေ စေချင်လို့ |

# Let's Write in English daily, young ones.

# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...



စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

## စကားလုံးအနေအထားအမှားများ

လှသမိန်

မြန်မာစာရေးသားရာတွင် စကားလုံးအနေအထား မမှန်ကန်သည့်အတွက် အဓိပ္ပာယ်မှာ ရည်ညွှန်းသလိုမပေါ်ထွက်ဘဲ တစ်မျိုးတစ်မည် ဖြစ်နေတတ်ပေသည်။ အဓိပ္ပာယ်နှစ်မျိုး ကောက်ယူနိုင်စရာလည်း ရှိတတ်၍ ရေးသူ၏ကောက်ယူချက်နှင့် ဖတ်သူ၏ကောက်ယူချက်တို့ ကွဲလွဲနိုင်ပေသည်။ ထို့ကြောင့် စကားလုံးအနေအထား မှန်ကန်အောင် ရေးတတ်စေရန် အောက်ပါအမှားများကို နှိုင်းယှဉ်ဖော်ပြပါသည်။

က

**၁။ ဆရာသည် အနည်းဆုံးကလေးများ၏ သဘောကိုသိရမည်။**

ကလေးအများစုနှင့် အနည်းစုကိုခွဲ၍၊ အနည်းဆုံးသော ကလေးအမျိုးအစား၊ အသက်အရွယ်စုသဘောကိုသာ သိဖို့လိုသည်။ ကျန်အများစုကလေးများ၏ သဘောကို သိရန်မလိုဟု အဓိပ္ပာယ်ရောက်သည်။(အနည်းဆုံးသော)

**၂။ အနည်းဆုံးဆရာသည် ကလေးများ၏သဘောကို သိရမည်။**

အနည်းဆုံးအရေအတွက်ရှိသော ဆရာစုသည်သာ ကလေးများ၏ သဘောကို သိရန်လိုသည်။ ဆရာအများစုက အမှုမဲ့အမှတ်မဲ့နေရန်သာ ရှိသည်ဟု ဆိုလိုရာရောက်သည်။

**၃။ အနည်းဆုံးအားဖြင့် ဆရာသည် ကလေးများ၏သဘောကို သိရမည်။**

ကလေးများ၏သဘောကို ဆရာသည် မုချသိရမည်။ ထို့ထက်မက ကလေးအကြောင်းကို များစွာသိသင့်သော်ငြားလည်း မသိနိုင်သည့် အဆုံး၊ ကလေးသဘောမျှကို အနည်းဆုံးထား၍ သိရန်လိုသည်ဟု ဆိုရာရောက်သည်။

ဝါကျအားလုံးသည် အဓိပ္ပာယ်တစ်မျိုးတည်းအတွက် အားလုံးတူညီသည်ဟု ထင်ရစေကာမူ စကားလုံးထားပုံအရ အဓိပ္ပာယ်အကောက် အယူလွဲနိုင်ပေသည်။

ခ

**၁။ သပိတ်မှောက်သော ကျောင်းသားများနှင့် ဆရာများ ဆွေးနွေးကြသည်။**

ကျောင်းသားများလည်း သပိတ်မှောက်၍ ဆရာများလည်း သပိတ်မှောက်ကာ၊ သပိတ်မှောက်သူအချင်းချင်း ကျောင်းသားနှင့် ဆရာ ဆွေးနွေးကြသည်ဟု ဆိုရာရောက်သည်။

**၂။ သပိတ်မှောက်သော ကျောင်းသားများ၊ ဆရာများနှင့် ဆွေးနွေးကြသည်။**

ကျောင်းသားများသာ သပိတ်မှောက်၍ ထိုသပိတ်မှောက်သူများက ဆရာများနှင့် ဆွေးနွေးကြသည်ဟု အဓိပ္ပာယ်ရှိသည်။

မိမိရေးလိုရာအဓိပ္ပာယ်ပေါ်အောင် စကားလုံးအထားအသို အစီအစဉ်ကို စစ်ဆေး၍ နည်းယူရေးသားရန် လိုပေသည်။

ဂ

**၁။ အိမ်သို့ရောက်သောအခါ စားရန် ချက်သည်။**

အိမ်သို့ရောက်သောအခါမှသာ စားတော့မည်ဟု အိမ်မရောက်မီ ခရီးတစ်နေရာတည်းက ချက်၍ တစ်ပါတည်းယူလာသကဲ့သို့ အဓိပ္ပာယ်ထွက်သည်။

**၂။ စားရန် အိမ်သို့ရောက်သောအခါ ချက်သည်။**

လမ်းခရီးတွင် မချက်ခဲ့၊ စားရေးသောက်ရေးအတွက် အိမ်သို့ရောက်သောအခါမှပင် ချက်ရပြုတ်ရတော့သည်ဟု အဓိပ္ပာယ်ထွက်သည်။

လိုရာနာမ်၊ လိုရာကြိယာဝိသေသန၊ လိုရာကြိယာတို့ကို နီးကပ်စွာ တွဲဆက်၍ ရေးသားသည်ကို သတိပြုသင့်သည်။

ဃ

**၁။ ရန်ကုန်က ဦးဘလာသည်။**

ရန်ကုန်မှာနေသော ဦးဘရောက်လာသည်။ ရောက်လာသူမှာ အခြားမြို့နေ ဦးဘမဟုတ်၊ ရန်ကုန်မြို့နေ ဦးဘဖြစ်သည်ဟုဆိုလိုသည်။

**၂။ ဦးဘ ရန်ကုန်က လာသည်။**

ဦးဘသည် ပြည်မှ မလာ၊ ဟင်္သာတမှ မလာ၊ ရန်ကုန်မှလာသည်ဟု ဆိုလိုသည်။

င

**၁။ သင် မအိပ်နေလျှင် ဆေးသောက်ပါ။**

အိပ်မပျော်သော ရောဂါဖြစ်နေလျှင် ဆေးသောက်ပါဟု ဆိုလိုသည်။ မအိပ်နိုင်ဘဲဖြစ်နေသည်ကို ထင်ရှားစေသည်။

**၂။ သင် အိပ်မနေလျှင် ဆေးသောက်ပါ။**

သင်အိပ်နေခြင်းမဟုတ်ဘဲ ထိုင်နေသည်၊ လျှောင်းနေသည်ဆိုပါက ဆေးသောက်ပါ။ အိပ်ပြီဆိုလျှင်ကား နိုးမှသောက်နိုင်သည်ဟု ရည်ညွှန်းရာရောက်သည်။

(နေ)ကို ကြိယာနှင့် တွဲရာ၌ (မ)ပါရှိသောအခါ (မ)သည် မူလကြိယာနှင့်ကပ်၍ မနေရဘဲ၊ (နေ)နှင့်သာကပ်၍ နေစေရမြဲဖြစ်သည်။ သို့မဟုတ်ပါက (နေ)သည် ကြိယာထောက်မဖြစ်ဘဲ သီးခြားကြိယာဖြစ်သွားတတ်သည်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူဖော်ပြပါသည်။

## စိုက်ပျိုးရေပေးဝေရာတွင် ရေလှည့်စနစ်ဖြင့် အလှည့်ကျပေးဝေနိုင်ရေး၊ သီးနှံအထွက်နှုန်းလျော့ကျမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး



နေပြည်တော် မတ် ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေအတွင်း မန္တလေးလျောင်ကြီး လှုပ်ခတ်ပြီးနောက် ထိခိုက်ပျက်စီးခဲ့သည့် လယ်ယာမြေများ စိုက်ပျိုးရေ ပြန်လည်ပေးဝေနေမှုအခြေနေများနှင့် လျောင်ဒဏ်ကြောင့် ရေသောက်စနစ်များ ထိခိုက်ပျက်စီးမှုအပေါ် သီးနှံအထွက်နှုန်းများ ထိခိုက်မှုမရှိစေရေးအတွက် တပ်ကုန်းမြို့နယ် ဆင်သေဆည်ရေသောက်စနစ် လက်တံမြောင်းအဖျားပိုင်းရှိ နွေစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စိုက်ပျိုးရေပေးဝေရာတွင် ရေလှည့်စနစ်ဖြင့် အလှည့်ကျပေးဝေနိုင်ရေးနှင့် သီးနှံအထွက်နှုန်းလျော့ကျမှု မရှိစေရေးအတွက် လိုအပ်သည့်သွင်းအားစုများ၊ နည်းပညာများကို တောင်သူ့စိုက်ခင်းအရောက် ကွင်းဆင်း၍ အမြဲမပြတ် အသိပညာပေး ဆက်လက်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆည်ရေသောက် တောင်သူများနှင့် တွေ့ဆုံ၍ ဆင်သေဆည် ရေသောက်စနစ်အတွင်းရှိ နွေစပါးနှင့် နွေသီးနှံ လျာထား ဧရိယာများအားလုံးသို့ စိုက်ပျိုးရေ သွက်လက်ထိရောက်စွာ အချိန်မီပေးဝေနိုင်ရေးအတွက် တောင်သူများအနေဖြင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကိုယ်တိုင်ပါဝင်၍ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေဝင်မြောင်းများ အတွင်းရှိ မြက်၊ ချုံ၊ အမှိုက်များ ရှင်းလင်းဖယ်ရှားပြီး စိုက်ပျိုးရေကို လယ်ကွင်းထဲအရောက်ကြိုးစား ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ မန္တလေးလျောင်ကြီး လှုပ်ခတ်ပြီးနောက် စိုက်ပျိုးရေ ခတ္တပြတ်လပ်မှု ဖြစ်ပေါ်ခဲ့သော်လည်း စိုက်ပျိုးရေပြန်လည်ပေးဝေရာတွင် ဦးစွာရေဖူလုံစွာရရှိခဲ့သော ဧရိယာများအား ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးရေပြတ်လပ်မှု ကာလကြာမြင့်ခဲ့ပြီး ရေနောက်ကျမှရရှိသော ဧရိယာများအား သီးနှံအထွက်နှုန်းလျော့ကျမှု မရှိစေရေးအတွက် ဆက်လက်ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ်ရှိ ဆင်သေရေလွှဲဆည်၏ လက်ဝဲမြောင်းမကြီး၊ လက်ယာမြောင်းမကြီးများမှ တစ်ဆင့် လက်တံမြောင်းခွဲများသို့ စိုက်ပျိုးရေပို့လွှတ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၅)ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်း ထုတ်ပြန်

နေပြည်တော် မေ ၁၂

စွယ်စုံမီဒီယာဂရု(ပ်) (SweSone Media Group) ၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် (၁၅) ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆုရရှိသူများမှာ ၂၀၂၃ ခုနှစ်အတွက် သုတစွယ်စုံ တစ်သက်တာစာပေဆုကို ဆရာကြီး ဒေါက်တာ ခင်မောင်ညို ရရှိပြီး ၂၀၁၈ ခုနှစ်အတွက် ရည်ညွှန်းစာပေဘာသာရပ်တွင် နိုင်ဇော်၏ "ထင်ရှားထူးချွန်ဆရာဝန်"၊ အတ္ထုပ္ပတ္တိစာပေဘာသာရပ်အတွက် ဗိုလ်အေးမြင့်ကြူ၏ "ကျွန်တော့်ကို မမေ့ပါနဲ့"၊ ၂၀၁၉ ခုနှစ်အတွက် သုတ(ဝိဇ္ဇာ) ဘာသာရပ်တွင် သိန်းထွန်း(မြဝတီ) ၏ "တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးစံများ"၊ ၂၀၂၀ ပြည့်နှစ်အတွက် အသုံးချသိပ္ပံဘာသာရပ်တွင် ဒေါက်တာသိန်းဆွေ (ပြည်သူ့ကျန်းမာ) ၏ "ကျန်းမာခြင်းဆုလာဘ်"၊ ၂၀၂၁ ခုနှစ်အတွက် သုတ(ဝိဇ္ဇာ)ဘာသာရပ်တွင် ကျော်ကျော်လှိုင်၏ "ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှုအရည်အသွေးကို လေ့လာခြင်း(တတိယမြန်မာနိုင်ငံတော်)"၊ ၂၀၂၂ ခုနှစ်အတွက် ဘာသာပြန်စာပေဘာသာရပ်တွင် နေဇင်လတ်၏ "စီးပွားဖျက်သူလျှို၏ ဖြောင့်ချက်"၊ စာပဒေသာဘာသာရပ်တွင် မောင်ခေတ်ထွန်း၏ "မောင်ခေတ်ထွန်း၏စာ (စိန်ရတုလက်ရွေးစာပေါင်းစု)"၊ အတ္ထုပ္ပတ္တိစာပေဘာသာရပ်တွင် ဟိန်းလတ်၏ "မြန်မာ့စွမ်းအင် လူချွန်လူကောင်း"၊ ၂၀၂၃ ခုနှစ်အတွက် စာပဒေသာဘာသာရပ်တွင် ဒေါက်တာထွေး(ဆေး/မန်း)၏ "နိပွန်ပြည်တွင် တဒံ့ဂ"၊ သုတ(ဝိဇ္ဇာ)ဘာသာရပ်တွင် ကျော်ညွန့်ရည် ၏ "အန်ကောခေတ်ယဉ်ကျေးမှု"၊ အသုံးချသိပ္ပံဘာသာရပ်တွင် ပါမောက္ခ ဒေါက်တာမြသိန်းဟန်၏ "ခွဲစိတ်ဆရာဝန်တစ်ဦး၏ ဖြောင့်ချက်"တို့ ဖြစ်ကြသည်။

အထက်ပါဆုများကို တစ်သက်တာ စာပေဆုအတွက် ငွေကျပ်သိန်း ၃၀ နှင့် စာအုပ်ဆုများအတွက် စာရေးဆရာတစ်ဦးလျှင် ငွေကျပ် ၁၅ သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။ ၂၀၀၄ ခုနှစ်အတွက် သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှစတင်၍ စဉ်ဆက်မပြတ်ချီးမြှင့်ခဲ့ပြီး ယခုအကြိမ်တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ နှစ်အလိုက်ထုတ်ဝေခဲ့သည့် စာအုပ်များကို အခြေခံ၍ (၁၅)ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်သည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့တွင် မကြာမီကျင်းပရန် စီစဉ်ထား၍ ဆုရရှိသူများသည် စွယ်စုံမီဒီယာ ဂရု(ပ်) ဖုန်း -၀၁ ၃၈၅၂၉၃၊ ၈၃၉၂၇၃၉ နှင့် ၃၇၄၄၁၀ သို့ အမြန်ဆက်သွယ်သတင်းပို့ကြပါရန် အကြောင်းကြားထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးထိန်လင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/ အားကစားရုံများ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူအားကစားခန်းမကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ကြည့်ရှုစစ်ဆေးစဉ် တောင်ငူအားကစားခန်းမ မီးရရှိစေရေး အမြန်ဆုံး ဆောင်ရွက်သွားရန်၊ အားကစားခန်းမအတွင်း နွေရာသီသင်တန်းများ၊ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ အဆက်မပြတ်ကျင်းပနိုင်ရေး ဆောင်ရွက်သွားရန်၊ ရုံးဘေးရှိ Outdoor Fitness အား အသစ်လဲလှယ်နိုင်ရေး တင်ပြတောင်းခံဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ငူခရိုင်နှင့် တောင်ငူမြို့နယ်၊ ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ရေတာရှည်မြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ မိမိတာဝန်ကျသည့်ဒေသတွင် အားကစားဖွံ့ဖြိုးတိုးတက်ရန်အတွက် စိတ်ပါဝင်စားပြီး ပျော်ရွှင်ရန်လိုကြောင်း၊ ဝန်ထမ်းကျင့်ဝတ်များနှင့် အညီ လိုက်နာကျင့်သုံး နေထိုင်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် လူငယ်ကဏ္ဍတွင်လည်း အရေးကြီးသည့်အတွက် ပါဝင်ဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့နောက် ဒိုက်ဦးမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနသို့ရောက်ရှိကာ အားကစားကွင်း/ အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒိုက်ဦးမြို့နယ်ရှိ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးရုံးနှင့် ခရိုင်/ မြို့နယ်များမှ အရာထမ်း/ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဌာနလုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားပြီး သနပ်ပင်မြို့နယ်ရှိ အားကစားကွင်း/ အားကစားရုံများ၊ ပဲခူးတိုင်းဒေသကြီး အားကစားဥယျာဉ်ရှိ အားကစားကွင်း အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေး၍ အားကစားကွင်း/ အားကစားရုံများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး အမြဲတမ်း ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## MFF နွေရာသီ အခြေခံဘောလုံးနှင့် ဖူဆယ်အခမဲ့သင်တန်း ပထမအကြိမ် သင်တန်းဆင်းပွဲနှင့် ဒုတိယအကြိမ် သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က စီစဉ်သည့် MFF Summer Football Skills Course 2025 (AYA Pay / M21) နွေရာသီ အခြေခံဘောလုံးနှင့် ဖူဆယ်အခမဲ့သင်တန်း ပထမအကြိမ် သင်တန်းဆင်းပွဲနှင့် ဒုတိယအကြိမ် သင်တန်းဖွင့်ပွဲကို မေ ၁၂ ရက် နံနက်ပိုင်းက အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) မြက်ခင်းတုလေ့ကျင့်ရေးကွင်းနှင့် MFF ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် အမှုဆောင်များ၊ စပွန်ဆာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်သည်။ သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ယင်းနောက် ဒုတိယအကြိမ် သင်တန်းဖွင့်ပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ကွင်းအတွင်းဘောလုံးကန်၍ ဖွင့်လှစ်ပေးသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်များအတွင်း လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘောလုံးအားကစားကို ပိုမိုချစ်မြတ်နိုးရေးနှင့် လူငယ်မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာရေးတို့အတွက် ရည်ရွယ်၍ နွေရာသီအခြေခံဘောလုံးသင်တန်းများ (အသက် ၁၀ နှစ်မှ ၁၅ နှစ်) ကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် ပုသိမ်မြို့တို့တွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သည်။ နှစ်စဉ်ဖွင့်လှစ်လျက်ရှိသည့် အဆိုပါ နွေရာသီ အခြေခံဘောလုံးသင်တန်းများအား ယခုနှစ်တွင် AYA Pay နှင့် M21 Sport တို့က အဓိက ပံ့ပိုးထားပြီး Good Morning မှလည်း တွဲဖက်ပါဝင်ကူညီထားကာ ဘောလုံးသင်တန်းအပြင် ဖူဆယ်သင်တန်းကိုပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ နွေရာသီသင်တန်း MFF Summer Football Skills Course 2025 အခမဲ့ သင်တန်းများကို ပထမအသုတ်၊ ဒုတိယအသုတ် နှစ်ကြိမ်ခွဲ၍ ဖွင့်လှစ်နေပြီး သင်တန်းသား ၁၄၀၀ ကျော် တက်ရောက်သင်ကြားလျက်ရှိကာ အခြေခံဘောလုံးနှင့် ဖူဆယ်နည်းစနစ်များ သင်ကြားပေးနေကြောင်း သိရသည်။

**ကိုညီလေး**

❂ MNL မှ
ရခိုင်ယူနိုက်တက်အသင်းမှာလည်း နှစ်ပွဲ လေးမှတ်ရထားသဖြင့် ကွာတားဖိုင်နယ်တက်ရောက်ရန် မျှော်လင့်ချက်ရှိနေဆဲဖြစ်သည်။

ရခိုင်ယူနိုက်တက်အသင်းသည် စည်သူအောင်၊ သီဟထက်အောင်၊ အောင်လှိုင်ဝင်း၊ အောင်နိုင်ဝင်း၊ ခင်ကျော်ဝင်းတို့ဖြင့် လူစုံခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းကလည်း မောင်မောင်စိုး၊ ရန်နိုင်အောင်၊ ဘိုဘိုအောင်၊ သန်းတိုးအောင်တို့ကို အသုံးပြုခဲ့သည်။ ၁၈ မိနစ်တွင် ခင်ကျော်ဝင်းက ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၅၂ မိနစ်တွင် ဇော်ဇော်ထိုက်က ဟံသာဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်(၃)အပြီးတွင် အုပ်စု(က)၌ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက သုံးပွဲကစား ကိုးမှတ်၊ သစ္စာအားမာန်အသင်းက နှစ်ပွဲကစား လေးမှတ်၊ Dagon Port အသင်းက နှစ်ပွဲကစား သုံးမှတ်၊ တက္ကသိုလ်အသင်းက နှစ်ပွဲကစား တစ်မှတ်၊ YB United အသင်းက သုံးပွဲကစား အမှတ်မရသေး၊ အုပ်စု(ခ)၌ ရန်ကုန်ယူနိုက်တက်အသင်းက သုံးပွဲကစား ခုနစ်မှတ်၊ မဟာယူနိုက်တက်အသင်းက နှစ်ပွဲကစား လေးမှတ်၊ ရန်ကုန်ရှိုင်ရယ်အသင်းက သုံးပွဲကစား သုံးမှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက နှစ်ပွဲကစား တစ်မှတ်၊ ကချင်ယူနိုက်တက်အသင်းက နှစ်ပွဲကစား အမှတ်မရသေး၊ အုပ်စု(ဂ)၌ ဟံသာဝတီယူနိုက်တက်အသင်းက သုံးပွဲကစား ငါးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့က နှစ်ပွဲကစား လေးမှတ်စီ၊ Chinland အသင်းက နှစ်ပွဲကစား နှစ်မှတ်၊ Glory Goal အသင်းက သုံးပွဲကစား အမှတ်မရသေး၊ အုပ်စု(ဃ)၌ ဒဂုံစတားယူနိုက်တက်အသင်းက သုံးပွဲကစား ခုနစ်မှတ်၊ ရတနာပုံအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မြဝတီအသင်းက နှစ်ပွဲကစား သုံးမှတ်၊ ရာမညယူနိုက်တက်အသင်းက နှစ်ပွဲကစား တစ်မှတ်၊ ငွေကြယ်ပွင့်အသင်းက သုံးပွဲကစား အမှတ်မရသေးပေ။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL




❐ လက်ရှိချန်ပီယံမှ
ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၉၀+၅ မိနစ်တွင် ထက်မြတ်လွင်က သွင်းယူခဲ့သည်။

ပွဲစဉ်(၃)ဒုတိယနေ့ကို မေ ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ Dagon Port အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ တောင်ဒဂုံကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MNL

Junior Lions အသင်းက ရာမညယူနိုက်တက်ဘက်သို့ ပြစ်ဒဏ်ဘောကန်သွင်းနေစဉ်။



## ဥတုရာသီ တောကိုမှီ၏

### နယ်စပ်ရေးရာဝန်ကြီးဌာန
### နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး)၊
### ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းတင်ဒါနှင့် ပစ္စည်းတင်ဒါများခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး)၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၏ လုပ်ငန်းတင်ဒါနှင့် ပစ္စည်းတင်ဒါများအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၁၄-၅-၂၀၂၅ရက်နေ့(ဗုဒ္ဓဟူးနေ့) |
| (ဂ) | တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက် | - ၂၇-၅-၂၀၂၅ ရက်နေ့ ညနေ(၁၆:၃၀)နာရီချိန်ထိ |
| (ဃ) | တင်ဒါအာမခံကြေး ၁%(မူရင်း) တင်သွင်းမည့်ရက် | - ၂၈-၅-၂၀၂၅ ရက်နေ့ ညနေ(၁၆:၃၀)နာရီချိန်ထိ |
| (င) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် | - ၂၈-၅-၂၀၂၅ ရက်နေ့ နံနက်(၀၉:၃၀)နာရီ မှ (၁၆:၃၀)နာရီချိန် |
| (စ) | တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | - ချင်းပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၊ လွှတ်တော် အပေါ်ထပ်၊ ဟားခါးမြို့ |
| (ဆ) | တင်ဒါဖွင့်မည့် နေရာ/ရက်/အချိန် | - ထပ်မံကြေညာပါမည်။ |

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်ပုံစံများကို ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး) ဖုန်းနံပါတ်-၀၇၀-၂၁၅၈၅ တွင်ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

တင်ဒါကော်မတီ

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့နယ်၊ နတ်ရေတွင်းအရှေ့ကွင်းရှိ တိလောကရပ်ကွက်၊ စိတ္တလမ်း၊ အမှတ်(၁၉)၊ မြေအကျယ်အဝန်း (အလျား၄၀xအနံ၅၀)ပေရှိ (ဘိုးဘွားပိုင်) မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် **ဒေါ်ထွေးရီ (ခ) ဒေါ်ဌေးဌေးရီ [၁၂/မဂဒ(နိုင်)၀၉၉၀၃၇]** အမည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသော **ဦးတင်ရှိန် [၁၂/မဂဒ(နိုင်)၀၂၅၂၂၀]**မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်အေးအေးစန်း [၁၂/မဂဒ(နိုင်)၁၅၅၇၉၃]**တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း ၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၅)၊ မြေကွက်အမှတ်(၈၇) ဧရိယာ(၀.၁၃)ဧက၊ မြေကွက်တည်နေရာအမှတ်- ၈၇၊ ရတနာမြိုင်အိမ်ရာ၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဒေါ်နွဲ့နွဲ့ဝင်း[၁၂/လမတ(နိုင်)၀၂၄၃၅၁]အမည်ပေါက်သည့် နှစ်(၆၀) မြေငှားစာချုပ်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၄၄၄၄/၂၀၁၂ (၁၁-၉-၂၀၁၂) (မိတ္တူမှန်)ဖြင့် ဦးမြင့်သိန်း [၁၂/ကမရ(နိုင်)၀၅၀၆၇၅]မှ ရရှိပြီး (ဖခင်)ဦးမြင့်သိန်းသည် (၂၈-၁၀-၂၀၁၇)ရက်နေ့တွင်လည်းကောင်း၊ (မိခင်) ဒေါ်ရှုကြည်သည် (၉-၇-၂၀၁၃)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ်-၉၆၁၇/ ၂၀၂၄ (၂၈-၁၁-၂၀၂၄)ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်စန်းဝင်း[၇/သဝတ(နိုင်)၁၁၉၈၅၅]၊ ဒေါ်စန်းစန်းဝင်း[၇/သဝတ(နိုင်)၁၁၉၈၅၂]၊ ဦးခင်အောင်[၇/သဝတ(နိုင်)၁၁၇၀၅၈]၊ ဒေါ်စန်းစန်းထွေး[၇/သဝတ(နိုင်)၁၁၉၈၅၃]၊ ဒေါ်စန်းစန်းအေး[၇/သဝတ(နိုင်)၀၆၇၉၅၄]တို့မှ နှစ်(၆၀)မြေငှားဂရန် စာချုပ်မူရင်းမှာ သိမ်းဆည်းထားရာမှ ခြကိုက်ပျက်စီးသွားခြင်းမှာ မှန်ကန်ပါကြောင်း၊ အဆိုပါမြေကွက်နှင့် နှစ်(၆၀)ဂရန်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံတင်သွင်းထားခြင်းတို့ လုံးဝမရှိကြောင်းနှင့်အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိတို့မှ တာဝန်ယူကြောင်းကို မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ၁၇-၂-၂၀၂၅ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်- ၄၇၁/၂၀၂၅၊ ကမာရွတ်မြို့မရဲစခန်းထောက်ခံချက်၊ (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့ကို တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၃၂၇/က)၊ မြေကွက်တည်နေရာအမှတ်(၃၂၇/က)၊ (၂၆)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးအေးတင်[၁၂/ဗတထ(နိုင်)၀၂၈၈၃၃]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဦးအေးတင်(ဖခင်)နှင့် ဒေါ်လင်ရှုဟုန်(ခ)ဒေါ်ခင်အေး (မိခင်)တို့ကွယ်လွန်သဖြင့် ဒေါ်ဝါဝါအေး [၁၂/ဗတထ(နိုင်)၀၂၈၈၅၁]၊ ဒေါ်ထွေးထွေးအေး[၁၂/ဥကတ(နိုင်)၁၁၅၇၇၂]တို့မှ သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခ၊ စုတ်ပြဲခြကိုက် ဂရန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၊ မြေကွက်အမှတ်-၂၆၉၊ ဧရိယာ(၀.၀၈၃)ဧက၊ မြေကွက်တည်နေရာအမှတ် (၂၆၉)၊ တော်ဝင်လမ်းသွယ် (၇)၊ (၃) ရပ်ကွက်၊ ရွှေပြည်သာ၊ ဒေါ်တင့်တင့် (CI- ၀၂၅၉၃၉) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် (၆၆/၂၀၁၆)၊ (၂၁-၈-၂၀၁၇) ဖြင့် ဒေါ်ဇာလီဝင်း၊ ဦးဇင်ကိုခိုင်၊ ဒေါ်ပပလှိုင်၊ ဦးအောင်ငွေသိမ်း၊ ဦးသန်းကျော်၊ ဒေါ်ခင်သင်း၊ ဒေါ်တင့်တင့်တို့အား တရားပြိုင်ပြု၍ တရားလို ဦးရဲထွဋ်ဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးသုတဇော်)မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကြီးချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ ဦးရဲထွဋ်ဝင်းမှ ရရှိခဲ့သည့် (၂၁-၈-၂၀၁၇) ရက်စွဲပါ တရားရုံးစီရင်ချက်အနိုင်ဒီကရီနှင့် တရားရှုံးများကိုယ်စား လိုက်ပါဆောင်ရွက်ရန်အတွက် ဘီလစ် ဒေါ်ခိုင်ဇာသွယ် [၁၂/မဂဒ(နိုင်) ၁၅၈၄၆၄] အား ခန့်အပ်သည့် (၃-၇-၂၀၂၄) ရက်စွဲပါ တရားမဇာရီမှုအမှတ်-၆၄/၂၀၂၄ ထုံးပုံကျအပြီးသတ်အမိန့်၊ မင်္ဂလာဒုံခရိုင်တရားရုံး၏ (၁၃-၈-၂၀၂၄) ရက်စွဲပါ ဘီလစ်ခန့်အပ်စာ နှစ် (၆၀) ဂရန်မူရင်း၊ တရားရုံးသို့တင်ပြခဲ့သည့်အရပ်ကတိအဆက်အစပ် အရောင်းစာချုပ်၊ တရားရုံးဒီကရီအထောက်အထားများ၊ တရားရုံးမှ တာဝန်ပေးအပ်ခြင်းစာ၊ နေ့စဉ်မှတ်တမ်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၉/စက်မှု)စက်မှုဇုန်(၂) ဘုရင့်နောင်လမ်း နှင့် စက်မှုဒေသလမ်းထောင့်၊ မြေကွက်အမှတ်(ဂ၁)၊ ဧရိယာ(၂.၀၀၅)ဧကခန့်ရှိ နှစ်(၆၀)မြေငှါးဂရန်တွင် ၁။ဦးမြင့်ရွှေ(၁၂/ဒဂန(နိုင်)၀၂၅၅၆၅) ၂။ဒေါ်ခင်စန်းကြူ(၁၂/ဒဂန(နိုင်)၀၂၁၇၂၉)တို့ပူးတွဲအမည်ပေါက် မြေကွက်နှင့်ဂိုဒေါင်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ပါစက်မှုဇုန်မြေကွက်နှင့်မြေပေါ်ရှိဂိုဒေါင်ကို နှစ်(၆၀)မြေငှါးဂရန်တွင်ပူးတွဲအမည်ပေါက်သူ ဂေါ်အဟွန်(ခ) ဦးမြင့်ရွှေ နှင့် ဒေါ်ခင်စန်းကြူ တို့ဇနီးမောင်နှံက တရားဝင်ပိုင်ရှင်များအဖြစ် အရှုပ်အရှင်းကင်းစွာလက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်/ဂိုဒေါင်တို့နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်နှင့်ဂိုဒေါင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

(လွှဲအပ်ညွှန်ကြားချက်အရ )

| | | |
|---|---|---|
| **ဦးသန့်ဇင်** ( LL-B ) | **ဒေါ်ဟန်နွေနိုင်**( LL-B) | အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2) |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) | ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 | ရန်ကုန်တိုင်းဒေသကြီး။ |

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်-၁၁၈၊ ကျောက်စိမ်း(၁)လမ်း၊ ၄၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ မြေကွက်အမှတ်-၁၁၈၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဒေါ်အေးအေးသန်း (PAN-180715) အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသည့် (၂၀x၆၀)ပေ အကျယ်အဝန်းရှိ(ခေါင်းရင်းခြမ်း) မြေနှင့်အိမ်ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၃၁၈၅/၂၀၂၅ အရ ဦးမင်းဇော် [၁၂/လမန(နိုင်)၁၃၆၆၃၉]+၁ တို့မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အိမ်ကို တန်ဖိုးငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၄၃၁၁၅၄၃၂**

### “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃)၊ လူနေရပ်ကွက်အမှတ်-(၉)၊ ရတနာသိင်္ဂီပတ်လမ်း၊ မြေကွက်အမှတ်(၁၅၅/က)၊ ဦးတွတ်နီ(ခ)ဦးကျော်အောင် အမည်ပေါက် မြေချပါမစ် ထွက်ရှိထားသော အကျယ်ပေ (၂၀x၆၀)၊ ဧရိယာ (၀.၀၂၇)ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရေ/မီးစုံပါလူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြု လွှဲပြောင်းရောင်းချသူ ဒေါ်နီလာမျိုးခိုင် [၁၂/ရပသ(နိုင်)၀၇၇၈၉၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းရီ[၉/မခန (နိုင်)၀၈၁၇၁၆]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့်မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၄)**
**အမှတ်-(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃/မာန်ပြေ)ရပ်ကွက်၊ မြင်တော်သာလမ်း၊ မြေကွက်အမှတ်(၃၂၀/က)၊ အမှတ်(၁၀၇)ရှိ (၃)ထပ်ခွဲတိုက်၏ (မြေညီထပ်)(၁-လွှာ)(မှန်ခန်းပါ) တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးသန်းဆွေ [၁၂/သကတ(နိုင်)၀၂၀၁၆၀] မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း နှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးယုယထွဋ်၊ ဒေါ်ပန်းအိစံ တို့မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းတို့နှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးယုယထွဋ်၊ ဒေါ်ပန်းအိစံ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်နှင်းနုစိုး(LL.B, D.B.L, D.M.L)** | **ဒေါ်ခင်ခင်ဆွေ (LL.B, WIPO (Switzerland)** | **ဒေါ်အိအိပိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၂၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၈၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၃၀)** |

**အမှတ်(၁၆၀)၊ ဒုတိယထပ်၊ (၃၄)လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၈၈၀၁၅၅၅၁၆၊ ၀၉-၄၂၀၁၃၅၈၈၊ ၀၉-၇၉၉၂၄၇၇၆၃**

### ဦးမောင်မောင်ကျော် (AKB-၁၇၆၅၈၁)နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ လူနေရပ်ကွက်အမှတ်-၁၁၊ မိုးဟိန်းလမ်း၊ မြေကွက်အမှတ်-၄၇၄/ခ ဟုခေါ်တွင်သော (၂၅' x ၆၀')ရှိ ဦးမောင်မောင်ကျော် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ (၁)ထပ်နေအိမ်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မြေအမည်ပေါက် ဦးမောင်မောင်ကျော်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ပန်းနုအောင်[၁၁/ကဖန(နိုင်)၁၄၂၆၅၈]က (၁၁-၁၀-၂၀၂၂)ရက်နေ့ကတည်းက အပြီးအပိုင်ဝယ်ယူပြီး ပိုင်ဆိုင်မှုဂရန်မူရင်းနှင့်တကွ အိမ်ခြံမြေအား လက်ရောက်ရရှိပြီး၊ ယနေ့တိုင်နေထိုင်ပိုင်ဆိုင်လျှက်ရှိပါသည်။ ယခုအခါ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ပန်းနုအောင်အနေဖြင့် မိမိဝယ်ယူထားသည့် အထက်ပါအိမ်ခြံမြေအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်နှင့် ဂရန်အမည်ပြောင်းလျှောက်ထားနိုင်ရန်အတွက် ဦးမောင်မောင်ကျော်အနေဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစပြီး (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ဒေါ်ပန်းနုအောင်ထံသို့ဖြစ်စေ အမြန်ဆုံးဆက်သွယ် ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးမောင်မောင်ကျော်နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပန်းနုအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဇင်မာထွန်း (LL.B, D.B.L)** | **ဦးထွန်းလင်းကျော် (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၇၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၁၅)** |

**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၄၈၀၀၈၇၁၆**

## ဒဂုံဈေးပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း (လှိုင်သာယာ) ဝန်း
## KHIT THIT CONSTRUCTION CO.,LTD. မှ ဆောင်ရွက်လျှက်ရှိသော
## 20' x 54' (3)ထပ် လူနေပွဲရုံဆိုင်ခန်း (ဂရံရမည်)



- ၄၈ပေ ကွန်ကရစ်လမ်းမနှင့် ၂၄ပေ ကွန်ကရစ် လမ်းသွယ်များ ရှိခြင်း။
- ပေ၅၀ အကျယ် လမ်းဘေးဝဲယာတွင် လမ်းပခုံးများ ရှိသည့်အတွက် ကွန်တိန်နာယာဉ်များ လွတ်လပ်စွာ ကုန်တင်ချနိုင်ခြင်း။
- ကုန်တင်ယာဉ်(၇၀၀)ခန့်အတွက် ရပ်နားကွင်းရှိခြင်း။
- အမှတ်(၅)လမ်းမကြီးဘေးဖြစ်၍ မြန်မာနိုင်ငံအနှံ့ လွယ်ကူစွာ ကုန်စည်ဖြန့်ဖြူးနိုင်ခြင်း။
- ရွှေပြည်သာတံတားမှ မိနစ်(၂၀)ခန့်သာ မောင်းရသဖြင့် အထက်မြန်မာပြည်နှင့် ကုန်စည်ဖြန့်ဖြူးရန် အလွန်လွယ်ကူကောင်းမွန်ခြင်း။
- အရစ်ကျစနစ်ဖြင့်လည်း ညှိနှိုင်းဝယ်ယူရရှိနိုင်ခြင်း။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၂၅၄/ခ)၊ ဖျာပုံလမ်း၊ ဒဂုံဈေးပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း၊ လှိုင်သာယာ၊ ရန်ကုန်မြို့။
Hot Line - 09-5312062


### အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ ဂန္ဓာမာလမ်း၊ အမှတ်(၅)ရပ်ကွက်နေ (၁)မမေခင်(ခ)မနှင်းပွင့်ဖြူဖြူလွင်၊ (၂) မသေးသေး (ခ) မဆုမြတ်စန္ဒီလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

ခရမ်းမြို့နယ်၊ ကျုံမရေကျေးရွာ၊ ရွာမကားလမ်းမကြီး တောင်ဘက် အလျားx အနံ(၄၄.၅x ၁၂၀)ပေ ကျယ်ဝန်းသော မြေကွက်မှာ မူလပိုင်ရှင်ဖြစ်သူ ဦးမောင်လှမှ ကွယ်လွန်ပြီးနောက် ပစ္စည်းများ အမွေခွဲဝေပြီးဖြစ်၍ မိသားစုများမှ (၂-၄-၂၀၁၁)ရက်နေ့တွင် ပြုစုစောင့်ရှောက်ပေးခဲ့ကြသော မမေခင် (ခ) မနှင်းပွင့်ဖြူဖြူလွင်နှင့် မသေးသေး(ခ)မဆုမြတ်စန္ဒီလွင်တို့ကို ဦးကြိုင်၊ ဦးကျော်ကျော်လွင်၊ ဦးအောင်ဆန်းဦးတို့ အကြီးအကဲသုံးဦးမှ စာရေးလက်မှတ်ထိုးခဲ့ပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေများ လက်ဝယ်ထားပိုင်ဆိုင်ခဲ့သော ခြံမြေဖြစ်ပါသည်။ ၎င်းခြံမြေကို (၄-၅-၂၀၂၅)ရက်နေ့က အရောင်းအဝယ်ပြုလုပ်စဉ် ပတ်သက်မှုမရှိဘဲ ဦးမင်းဦးမှ ဖုန်းဆက်သဖြင့် အရောင်းအဝယ် ပျက်သွားသောကြောင့် အမွေဆိုင်အားလုံးနှင့်လည်း ယခုခြံမြေမှာ သက်ဆိုင်မှုမရှိပါဘဲ လွှဲအပ်သူ ကျွန်ုပ်မိတ်ဆွေများ၏ လက်ဝယ်ထားပိုင်ဆိုင်သော ခြံမြေဖြစ်၍ သက်ဆိုင်မှုမရှိဘဲ အရောင်းအဝယ်ပြုလုပ်သည့်အချိန် အဟန့်အတား အနှောင့်အယှက်ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မမေခင်(ခ)မနှင်းပွင့်ဖြူဖြူလွင်၊ မသေးသေး(ခ)မဆုမြတ်စန္ဒီလွင်တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိန်းသိန်းဆင့်(LL.B) တရားလွှတ်တော်ရှေ့နေ ( စဉ်-၉၆၉၇/၁၂ )**
**အောင်မေတ္တာလမ်း၊ (၃)ရပ်ကွက်၊ ခရမ်းမြို့။**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

